မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် အတည်ပြုပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့်ပြည်ထောင်စုတစ်ခုလုံးအတွက် မရှိမဖြစ်အဓိကလိုအပ်ချက်ဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးရှေးရှုကာ အမျိုးသားညီလာခံကြီးကျင်းပလျက်ရှိ အမျိုးသားညီလာခံကြီးအောင်မြင်ရေး တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ၂၁ရက် နံနက်၇နာရီ ၄၅မိနစ်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ ပုသိမ်တက္ကသိုလ်နှင့် ကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူ ပြည်သူများ စုစုပေါင်းအင်အား ၂၇၉၂၀ ကျော်တို့သည် ရွှေမြန်မာစစ်ကြောင်း၊ ရွှေပြည်တန်စစ်ကြောင်း၊ ပေါ်ဆန်းမွှေးစစ်ကြောင်း၊ ဆင်းသွယ်လတ်စစ်ကြောင်း စစ်ကြောင်း လေးကြောင်းတို့ဖြင့် စုရပ်အသီးသီးမှ စစ်ကြောင်းမှူးများ ဦးဆောင်လျက် ကိုးသိန်းအားကစားကွင်းအတွင်းသို့ စစ်ကြောင်းအလိုက် ချီတက်ကြပြီး သတ်မှတ်ထားသော နေရာများတွင် စနစ်တကျ နေရာယူကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✡

တစ်ခဲနက် ကြွေးကြော်

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသော အမျိုးသား ညီလာခံ ကြိုဆို ထောက်ခံပွဲ လူထု အစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှု ကာကွယ်တားဆီး အမျိုးသားညီလာခံအောင်မြင်ရေး စာပေကဏ္ဍမှပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်မှလည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စာတတ်၊ ပေတတ်၊ ပညာတတ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်လျက်ရှိသည်။ ထို့ကြောင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် အခွင့်အလမ်းများ ဖော်ဆောင်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဇန်နဝါရီလ ၂၁ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် (စာအုပ်)ဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

"ယနေ့အချိန်အခါတွင် အနောက်နိုင်ငံကြီးအချို့သည် မိမိတို့နိုင်ငံကို သူတို့အလိုကျ လက်အောက်ခံနိုင်ငံ တစ်နိုင်ငံဖြစ်အောင် ပြည်ပြေးသစ္စာဖောက် သူလျှိုဒလန်များနှင့်ပေါင်းပြီး မီဒီယာအမျိုးမျိုးကို အသုံးချကာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး၌ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လုပ်ဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးဝါဒကို ပြည်သူအားလုံး ခိုင်ခိုင်မာမာ လက်ခံယုံကြည်နေအောင် မျိုးဆက်သစ်စာပေသမားများက မိမိတို့၏ စာပေစွမ်းအားဖြင့် ဆက်လက်ပြီး တာဝန်ယူသွားကြရမှာဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

ပခုက္ကူဦးအုံးဖေစာပေဆုကို ၁၉၉၁ခုနှစ်က ဦးအုံးဖေလှူဒါန်းသည့် ငွေကျပ်၇၆သိန်းဖြင့်မတည်ပြီး ရရှိသည့် အတိုးအရင်းများဖြင့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ကျမ်းစာနှင့် သုတေသနစာပေဟူ၍ ဘာသာရပ်ငါးမျိုးအတွက် ပြိုင်ပွဲဆုများကို ၁၉၉၃ခုနှစ်မှစပြီးချီးမြှင့်လာခဲ့ရာ ယခုအခါ ၁၃နှစ်ရှိခဲ့ပြီဖြစ်သည်။

၎င်းအပြင် ၂၀၀၂ခုနှစ်တွင် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆု၊ မျိုးဆက်သစ်လူငယ်များအတွက် စာပေ ဝါသနာရှင်နှင့် စာပေပညာရှင်များ ပေါ်ထွန်းလာစေရန် တက္ကသိုလ်ဝင်တန်းမြန်မာစာထူးချွန်ဆု၊ ယဉ်ကျေးမှုတက္ကသိုလ် အနုပညာထူးချွန်ဆုနှင့် ပညာရေးဝန်ကြီးဌာနက ကြီးကြပ်ရွေးချယ်ပေးသည့် ဘာသာရပ်ဆိုင်ရာ ထူးချွန်ဆုများကိုပါ တိုးချဲ့ချီးမြှင့်ခဲ့သည်။

မြန်မာ့သမိုင်းတွင် မြန်မာစာပေ၏ အရှိန်အဝါသည် အလွန်ကြီးမားခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်၌ ပြည်သူများ မျိုးချစ်စိတ်ထက်သန်အောင်၊ ရဲရင့်အောင်၊ စည်းလုံးညီညွတ်အောင်၊ လွတ်လပ်ရေးကို အသက်သွေးချွေးနှင့်လဲပြီး ရယူချင်အောင် အသိပညာပေးသည့်အပိုင်း၊ လှုံ့ဆော်သည့် အပိုင်းများတွင် အလွန်အစွမ်းထက်သည့် လက်နက်သဖွယ်ဖြစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်လည်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို အထိပါးမခံလိုသည့်စိတ်များ ပြည်သူများ၏ ရင်ထဲနှလုံးသားထဲ၌ အစဉ်စွဲမြဲ ကိန်းအောင်းနေစေရန် စာပေသမားများက မိမိတို့တတ်ကျွမ်းသည့်စာပေဖြင့် တစ်တပ်တစ်အား စွမ်းဆောင်နိုင်ခဲ့ကြသည်။

မျိုးဆက်သစ် စာပေသမားများသည် မိမိတို့နိုင်ငံကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန် နိုင်ငံတော်၌ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများ တောင့်တင်းခိုင်မာနေစေရေးအတွက် ကျရာအခန်းကဏ္ဍက ပြည်သူများ လိုက်လိုက်လှဲလှဲနှင့် လက်တွဲပူးပေါင်းပါဝင်လာစေရန် စာပေစွမ်းအားဖြင့် ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူအများလိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ်အသွင်ကူးပြောင်းရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရန် အမျိုးသားညီလာခံကို ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် စာပေဝါသနာရှင်နှင့် စာပေပညာရှင်များအပိုင်းက မိမိတို့ ချစ်ခင်မြတ်နိုးသည့် စာပေဖြင့် တစ်တပ်တစ်အားပါဝင်စည်းရုံး ဆောင်ရွက်ကြရန် လိုပေသည်။

သို့ဖြစ်ရာ မျိုးဆက်သစ် စာပေသမားများအနေဖြင့် အနောက်နိုင်ငံကြီးအချို့က မီဒီယာအမျိုးမျိုး အသုံးချပြီး မိမိတို့ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေမှုအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် အမျိုးသားရေး မူဝါဒကို ပြည်သူအားလုံး ခိုင်ခိုင်မာမာလက်ခံယုံကြည်နေစေရန် စာပေစွမ်းအားဖြင့် တာဝန်ယူ ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ အမျိုးသားညီလာခံ အောင်မြင်ရေး စာပေကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၃–၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၁၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းဆင်းပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ၁၉ ရက် ညနေ၄နာရီခွဲက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အမှတ်(၅၁) ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင်ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

ယင်းသင်တန်းဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်က နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့သာယာလှပရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်အမှာစကားပြောကြားကာ အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ် (၁၂)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးနေထက်ရှိန် လက်ထောက်ညွှန်ကြားရေးမှူး၊ ကလော မြို့နယ် စည်ပင်သာယာရေးအဖွဲ့အား ဆုချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်သို့ ပေးအပ်သည်။

သင်တန်းကာလ

အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၂)သို့ ဦးစီးဌာနများမှ သင်တန်းသား ၂၃ဦး တက်ရောက် အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၀ ပတ် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

သင်တန်းများဆင်းပွဲ အပြီးတွင် ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်နှင့် အဖွဲ့သည် သင်တန်းသားများ၏ အိပ်ဆောင်၊ စာသင်ခန်း၊ ထမင်းစားခန်းနှင့် သင်တန်းကျောင်း သာယာလှပရေး ဆောင်ရွက်ထားမှုတို့အား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပ အထက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

တောင်ဥက္ကလာပမြို့နယ် အထက (၂)ကျောင်းတွင် ၁၉၅၉ မှ ၂၀၀၅ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ အသက် ၅၀ အထက် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ အဋ္ဌမ အကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမဆောင်သစ်ကြီး တွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားနိုးဆော်

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။

(၁၉၂)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၈ရက် (စနေနေ့)နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းဆိပ်ကမ်းရှိ The Princess ရေပေါ်စားသောက်ဆိုင်တွင် ကျင်းပမည် ဖြစ်သည်။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်များ၏သားသမီးများ၊ အသင်းသား၊ အသင်းသူများ မပျက်မကွက် တက်ရောက်ကြရန် နိုးဆော်ထားသည်။ **(က–ပ)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးအဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC)and Chief of Naval Staff Admiral Arun Prakash (PVSM, AVSM, VrC, VSM, ADC)နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး ဒေါ်အေးအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ရေတပ်သင်္ဘောကျင်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးဖေ၊ တနင်္သာရီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra°၊ စစ်သံမှူး Colonel Jasvinder Singh Chopra နှင့်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ဓါတ်ပုံ)**

အမှတ်တရလက်ဆောင်ပေး

ရှေ့ဦးစွာ လေဆိပ်ဧည့်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ ရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဇနီး ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee(COSC)and Chief of Naval Staff, Admiral Arun Prakash (PVSM,AVSM, VrC, VSM, ADC°)နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး နံနက် ၁၀ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြရာ ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ညီထွန်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် တပ်မတော်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ တပ်မတော် နည်းပညာတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

အမှတ်တရလက်ဆောင်ပေး

ယင်းနောက် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်သည်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ တပ်မတော်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်နှင့် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် စစ်တက္ကသိုလ်သို့ ရောက်ရှိကြရာ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ညီထွန်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး စစ်တက္ကသိုလ် ဧည့်ခန်းမဆောင်၌ စစ်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့်ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ညီထွန်းနှင့် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိလေ့လာကြသည်။

မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးမြို့ နန်းမြို့ဧည့်ဂေဟာသို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်သည် ဧည့်ရိပ်သာခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်အား တွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ရှင်းလင်းပြသ

ယင်းနောက် မြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မြနန်းစံကျော် ရွှေနန်းတော်၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကာ လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းရှေ့ရှိ ဦးစိန်မြင့် ရွှေချည်ထိုးလုပ်ငန်းသို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် တပ်မတော် အထူးလေယာဉ်ဖြင့် ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြဿဒါးကြီးဘုရားသို့လေ့လာကြပြီး ဘုရားရင်ပြင်တော်မှ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၏ ရှုခင်းအလှနှင့် နေဝင်ဆည်းဆာအလှတို့ကိုကြည့်ရှုကြသည်။

ယွန်းထည်လုပ်ငန်း

ဆက်လက်၍ ပုဂံမြို့ရှိ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းသို့ ရောက်ရှိလေ့လာကြသည်။

ညပိုင်းတွင် ဧည့်သည်တော်အိန္ဒိယရေတပ်ဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဇနီးတို့က တပ်မတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အလှူငွေပေးအပ်

အိန္ဒိယ ရေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အာနန္ဒာဘုရားသို့ ရောက်ရှိ ကြည်ညိုကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိ ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်သို့ရောက်ရှိကြပြီး နန်းမြင့် မျှော်စင်မှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ ရှုခင်းအလှကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်တွေသင်္ဘောကျင်းရှိ ရေယာဉ်ကျင်းတင်ပြုပြင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဇန်နဝါရီ ၂၀ ရက်က စစ်တွေမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံးသို့ ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ရေယာဉ်များပြေးဆွဲမှုအခြေအနေ၊ စက်ရှိ/စက်မဲ့ရေယာဉ်များစာရင်း၊ ဝင်ငွေရရှိမှုအခြေအနေ၊ စက်သုံးဆီသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရေယာဉ်များပြုပြင်မှု အခြေအနေ၊ ဝန်ထမ်းအင်အား၊ ရေယာဉ်တစ်စီးချင်းအလိုက် ပြေးဆွဲမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ဝင်ငွေတိုး၍ အသုံးစရိတ်များ လျှော့ချရေး၊ စက်သုံးဆီများစနစ်တကျ ခြိုးခြံချွေတာသုံးစွဲကြရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရေယာဉ်များ ကြံ့ခိုင်မှုရှိရေး၊ မိမိတို့ဌာန အကျိုးအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စစ်တွေ သင်္ဘောကျင်းရှိ အောင်တံခွန်ရေယာဉ် ကျင်းတင်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်တွေသင်္ဘောကျင်းကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ ဦးသာစိန်က လုပ်ငန်းအတွက် ပစ္စည်းစုဆောင်းရရှိမှုအခြေနေ၊ ချဉ်းကပ်တံတားအလျားပေ ၄၀ x အကျယ်ပေ ၂၀၊ ရေယာဉ်ဆိုက်ကပ် တံတားအရှည် အလျားပေ ၁၀၀ x အကျယ်ပေ ၂၀ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၁)ပညာ ရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယ တန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော မဆုလှိုင်မိုးအား မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုံးရီက ဆုချီးမြှင့်စဉ်။

(ကဝ-ပ)

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကိုယနေ့နံနက် ၉ နာရီခွဲ က ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိန် **(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးမင်းအောင်က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူသည်။

ယင်းနောက် ဘဏ္ဍာရေးမှူး ဦးစိုးတင့်က ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူသည်။

အကြံပြုချက်

ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အသင်းသားများ၏ မေးမြန်းချက်နှင့် အကြံပြုချက်များကို အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်မှုနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို အဖွဲ့အတွင်းရေးမှူး ဦးစိုးမင်းအောင်က ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ဗီယက်နမ်၌ လူ၁၀၀လျှင်ဖုန်းရှိသူ ၂၅ဦးဖြစ်လာရန်မျှော်မှန်းထား လူဦးရေသန်း၈၀ကျော်တွင် ဖုန်းရှိသူ ၁၆သန်းရှိလာမည်

ဟနွိုင်း ဇန်နဝါရီ ၂၂

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်တွင် လူ၁၀၀လျှင် ဖုန်းရှိသူ ၂၃ဒသမ ၅ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်းအထိဖြစ်လာစေရန် စီစဉ်ထားရာ ယမန်နှစ်က လူ၁၀၀လျှင် ၁၉ယောက် ဖုန်းကိုင်နိုင်ကြပြီဖြစ်ကြောင်း၊ ပြည်တွင်းသတင်းထုတ်ပြန်ရေး ဗဟိုဌာနက ဇန်နဝါရီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် လူ ၁၀၀လျှင် ကြိုးဖုန်းရှိသူ ၁၀ ယောက်နှုန်းဖြစ်ပြီး လက်ကိုင်မိုဘိုင်းလ်ဖုန်းရှိသူ လူ ၁၀၀လျှင် ၁၄ ယောက်နှုန်းဖြစ်လာရန် မျှော်မှန်းထားကြောင်း ကြေးနန်းနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ချမှတ်

ဗီယက်နမ်နိုင်ငံ၏ ပြန်ကြားရေးနည်းပညာနှင့် ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာရန် မဟာဗျူဟာတစ်ရပ် ချမှတ်ထားကြောင်း၊ လူ ၁၀၀ရှိတိုင်း ဖုန်းရှိသူ ၃၂ယောက်မှ ၄၂ယောက်အထိ ဖြစ်လာရန်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၀ပြည့်နှစ်တွင် လူ၁၀၀လျှင် ကွန်ပျူတာရှိသူ ၁၀ယောက်နှုန်း၊ အင်တာနက်ရှိသူ ၁၂ယောက်နှုန်း ဖြစ်လာရန်လည်း မဟာဗျူဟာတစ်ရပ် ချမှတ်ထားကြောင်း သိရသည်။

ဖုန်းရှိသူ

ဗီယက်နမ်နိုင်ငံ၏ လူဦးရေ ၈၃ သန်းကျော်ရှိရာတွင် ၂၀၀၅ခုနှစ် အကုန်၌ ဖုန်းရှိသူ ၁၆သန်းနှင့် အင်တာနက်ရှိသူ ၁၀ ဒသမ ၇သန်းရှိသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်က ဆက်သွယ်ရေးကဏ္ဍမှ ဝင်ငွေဒေါ်လာ ခုနစ်သန်းရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှုနှုန်းသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာတွင် ဒုတိယအကြီးဆုံးဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မီးလောင်မှု ဟန့်တားနိုင်သောစက်ရုပ် တရုတ်နိုင်ငံ၌ တီထွင်ထုတ်လုပ်

ရှန်ဟိုင်း ဇန်နဝါရီ ၂၂

တရုတ်နိုင်ငံတွင် မကြာမီက သိပ္ပံနှင့်နည်းပညာဆိုင်ရာ အစီအစဉ်တစ်ရပ်၏ လုပ်ဆောင်မှုအဖြစ် တရုတ်သိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့က တရုတ်နိုင်ငံ၏ ပထမဆုံးအမျိုးအစား ဖြစ်သော မီးလောင်မှုထိန်းချုပ်ရေးဆိုင်ရာ သတင်းထောက်လှမ်းရေး စက်ရုပ်တစ်ရုပ်ကို ထုတ်လုပ်လိုက်သည်။

ပူးတွဲထုတ်လုပ်

အဆိုပါ စက်ရုပ်ကို တရုတ်နိုင်ငံ ရှန်ဟိုင်းတက္ကသိုလ်မှ စက်ရုပ်ဆိုင်ရာ သိပ္ပံနှင့်တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ရှန်ဟိုင်းမီးသတ်ထိန်းချုပ်ရေးသိပ္ပံတို့က ပူးတွဲထုတ်လုပ်ခြင်းဖြစ်သည်။

လှည့်ပတ်သွားလာ

အလေးချိန်ကီလို ၃၀၀ ခန့်လေးသော အဆိုပါစက်ရုပ်သည် ချိန်းကြိုးလေးခုဖြင့် ရှေ့နောက်သွားလာနိုင်သည့်အပြင် ဘေးဝဲယာသို့လည်း ရွှေ့ပြောင်းလှည့်ပတ်သွားလာနိုင်အောင် စီစဉ်ထားသည်။

ထို့အပြင် မီလီမီတာ ၂၅၀ မြင့်သော အတားအဆီးများကို တက်ရောက်သွားနိုင်သည့်အပြင် ၃၀ ဒီဂရီနိမ့်လျှောနေသည့် နေရာများတွင်လည်း ကောင်းမွန်စွာဆင်းနိုင်အောင် တီထွင်ပြုလုပ်ထားသည်။

စက်ရုပ်တွင် ကင်မရာသုံးခုတပ်ဆင်ထားပြီး မြေပြင်တစ်ဝိုက်နှင့်အနီးရှိနယ်မြေများတွင် မီးလောင်ကျွမ်းမှုဆိုင်ရာနှင့် ပတ်သက်သည့် သတင်းများကို လျင်မြန်စွာ သတင်းထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။

အထောက်အကူပြု

တစ်ဖန် စက်ရုပ်၌ နှုန်းလွန်အာရုံခံကိရိယာဖြင့် မီးလောင်မှုဖြစ်ပွားခြင်းကို တိုင်းတာသိရှိနိုင်သည့် အစိတ်အပိုင်းနှစ်ခု တပ်ဆင်ထားပြီး ထိုကိရိယာသည် မီးလောင်မှုဖြစ်ပွားသည့်နေရာမှ စက်ရုပ်ကို လုံခြုံသည့်နေရာအထိ ရွှေ့ပြောင်းသွားနိုင်အောင်လည်း အထောက်အကူပြုပေးသည်။

ထို့အပြင် မီးသတ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရန်လည်း စက်ရုပ်က သတင်းပေးပို့ချက်များ ထုတ်ပြန်ပေးနိုင်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ မြောက်ပိုင်း တိုကာမာချိဒေသရှိကျောင်းတစ်ကျောင်း ဆီးနှင်းများ ဖုံးလွှမ်းနေသည်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း သေဆုံးသူပေါင်း ၁၀၄ဦးအထိရှိလာ

တိုကျို ဇန်နဝါရီ ၂၂

ဂျပန်နိုင်ငံတွင် ၂၀၀၅ခုနှစ် ဒီဇင်ဘာမှ ယခုနှစ် ဇန်နဝါရီ ၁၉ရက်အထိ ဆီးနှင်းများ ကျရောက်မှုကြောင့် သေဆုံးသူပေါင်း ၁၀၄ဦး ရှိသွားပြီဖြစ်ကြောင်း၊ ယခုနှစ် ဆောင်းရာသီတွင် ဆယ်စုနှစ် နှစ်စုအတွင်း အသေအပျောက်အများဆုံး ဖြစ်ကြောင်း ကျိုဒိုနယူးစ်က ဖော်ပြသည်။

သေဆုံး

ရာသီဥတုဆိုးရွားမှုကြောင့် နောက်ဆုံးသေဆုံးသူမှာ အသက်(၇၃)နှစ်အရွယ်ရှိ ဟောကိုင်ရိုင်မှ ရေလုပ်သားတစ်ဦးဖြစ်ပြီး ဆိပ်ကမ်းမှ ဆီးနှင်းချပ်များဖယ်ရှားစဉ် ပင်လယ်ထဲပြုတ်ကျကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် ယမန်နှစ် ဆောင်းရာသီက ဆီးနှင်းကျဆင်းမှုနှင့် ဆက်စပ်ပြီး သေဆုံးသူပေါင်း ၈၈ဦး ရှိခဲ့ကြောင်း၊ ၁၉၈၃-၁၉၈၄ရာသီက သေဆုံးသူ ၁၃၁ဦးရှိခဲ့ကြောင်း၊ ယင်းမှာ အများဆုံးသေဆုံးမှုဖြစ်ကြောင်း အဆိုပါ သတင်းဌာနက ဆက်လက်ဖော်ပြသည်။

ဒီဇင်ဘာကတည်းက ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ကြောင်း၊ ဆီးနှင်းထုကြီးများ ၃ဒသမ၂၈မီတာအထိ မြင့်တက်ခဲ့ကြောင်း နာဂါတာအခြေစိုက် ဂျပန်မိုးလေဝသဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်ယာဉ်တန်းတစ်တန်းကို လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ဖြစ်ပွားမှုမှာ ဇန်နဝါရီ ၁၉ ရက် ကြာသပတေးနေ့ နံနက်၉နာရီအချိန်ခန့်ကဖြစ်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

တိုက်ခိုက်

ဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့ အယ်တီယာရန် ရင်ပြင်အနီးတွင် မော်တော်ယာဉ်လေးစီးပါရှိသော ယာဉ်တန်းအနီးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၎င်းမော်တော်ယာဉ်တန်းသည် အမေရိကန် ကန်ထရိုက်တာများအသုံးပြုသော မော်တော်ယာဉ်တန်းဖြစ်သည်။ ဗုံးပေါက်မှု ပြင်းထန်သော်လည်း မော်တော်ယာဉ်အချို့အနည်းငယ်သာပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့လယ်၌တစ်ပြိုင်တည်းဗုံးနှစ်လုံးပေါက်ကွဲ အနည်းဆုံး လူရှစ်ဦးသေဆုံး၊ ၁၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

ဘဂ္ဂဒက်မြို့လယ်တွင် ဇန်နဝါရီ၁၉ရက်က ဗုံးနှစ်လုံးပြိုင်တူနီးပါး ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး၊ ၁၅ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောကြားသည်။

ထိုနေ့က ရဲကားတစ်စီး ဘဂ္ဂဒက်မြို့ အယ်ဆာအဒိုယန်လမ်းတွင် ဖြတ်သန်းမောင်းနှင်သွားစဉ် ညနေသုံးနာရီတွင် ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားကြောင်း အဆိုပါ သတင်းရပ်ကွက်မှ အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

ထိုအတောအတွင်း အသေခံဗုံးခွဲသူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ ကိုယ်တွင်ဝှက်ယူ၍ အနီးရှိ ကဖေးတစ်ခုအတွင်းဝင်ရောက် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်ကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပိုလန်နိုင်ငံ၌ ၂၀၀၆ မယ်ကမ္ဘာပြိုင်ပွဲကျင်းပမည်

ဝါဆော ဇန်နဝါရီ ၂၂

၂၀၀၆ မယ်ကမ္ဘာရွေးချယ်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲကို ပိုလန်နိုင်ငံတွင် ယခုနှစ် စက်တင်ဘာ ၃၀ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပိုလန်နိုင်ငံ မယ်ကမ္ဘာရွေးချယ်ရေးဆိုင်ရာအဖွဲ့၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဝီတိုအက်မီနိုဝက်ဇ်က ဇန်နဝါရီ၁၈ရက် ဗုဒ္ဓဟူးနေ့၌ ကြေညာသည်။

ပြောကြား

ထိုသို့သတင်းထုတ်ပြန်ကြေညာမှုနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးဆိုင်ရာ မယ်ကမ္ဘာရွေးချယ်ရေးအဖွဲ့ကလည်း တရားဝင်ဝက်ဘ်ဆိုက်ပေါ်မှ အတည်ပြုချက်သတင်းထုတ်ပြန်ပေးခဲ့သည်။ ပိုလန်နိုင်ငံသည် ဥရောပအလယ်ပိုင်း၏အသည်းနှလုံးသဖွယ် နိုင်ငံတစ်ခုဖြစ်ကြောင်းလည်း အဆိုပါအဖွဲ့က ပြောကြားသည်။

သွားရောက်

ထို့အပြင် ပိုလန်နိုင်ငံသည် မယ်ကမ္ဘာရွေးချယ်ပွဲ၏ နောက်ဆုံးပြိုင်ပွဲအတွက် အကောင်းဆုံးနေရာတစ်ခုဖြစ်ကြောင်း၊ ပိုလန်နိုင်ငံသားများသည် နွေးထွေးသော၊ ကြင်နာသော အသည်းနှလုံးရှိသူများဖြစ်ကြောင်း၊ ယင်းမှာ ပိုလန်နိုင်ငံအတွက် ဂုဏ်ယူစရာကောင်းသော အချက်ပင်ဖြစ်ကြောင်း မယ်ကမ္ဘာရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဂျူလီရာမော်လေးက ပြောကြားသည်။ ဂျူလီရာမော်လေးသည် ပိုလန်နိုင်ငံသို့ ယခု ဇန်နဝါရီ လလယ်က အလည်အပတ်ခရီးသွားရောက်ခဲ့သူ တစ်ဦးဖြစ်သည်။

ရွေးချယ်

၂၀၀၃ခုနှစ် မယ်ကမ္ဘာပြိုင်ပွဲကို တရုတ်နိုင်ငံ ဆန်ယာမြို့တွင် ဒီဇင်ဘာက ကျင်းပခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မယ်ကမ္ဘာအဖြစ် အိုက်စလန်နိုင်ငံမှ အသက် (၂၁)နှစ်အရွယ်ရှိ ရက်ဂျာဗစ် ရွေးချယ်ခံခဲ့ရသည်။

ယခုနှစ် မယ်ကမ္ဘာပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၂၀မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပိုလန်နိုင်ငံသို့ တစ်လခန့် ကြိုတင်လာရောက်ကြရမည်ဖြစ်ကြောင်း ဝီတိုအက်မီနိုဝက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမျိုးသားညီလာခံကြီးသည် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ပေးနေ

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ဟင်္သာတတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးစိုးမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ဟင်္သာတတက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် ဦးစိုးမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာ ဝတီတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစား တိုင်းအုပ်ချုပ်ရေးမှူး ဦးမျိုးထွန်း၊ ဧရာဝတီတိုင်း အငြိမ်းစား တိုင်းပညာရေးမှူး ဦးအုန်းမောင်၊ ပုသိမ်မြို့ အဝေရာဆေးတိုက်ပိုင်ရှင် တိုင်းရင်းဆေးသမားတော်ကြီး အဝေရာ ဦးသိန်းဝင်း၊ ပုသိမ်မြို့ ဒေသခံတိုင်းရင်းသား ဆရာဝန်ဒေါက်တာဝင်းသိန်း၊ "စံ"ပရိဘောဂလုပ်ငန်းပိုင်ရှင် မြို့မိမြို့ဖ ဦးစိုးမြင့်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် ဦးမျိုးချစ် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြောင်းမြမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာမှ ဒေသခံတောင်သူ ဦးဆန်းမြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

လုပ်သူများအသင်း အလုပ်အမှုဆောင် အနန္တဂုဏ်ရည်သစ်စက်ပိုင်ရှင် ဦးအေးကျော်၊ ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ပုသိမ်မြို့ မြို့မဆန်စက်ပိုင်ရှင် ဦးအောင်နှင့် ပုသိမ်မြို့ မြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ ဦးခင်မောင်မြင့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်မေစုက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် သာပေါင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်မော်က ဆောင်ရွက်သည်။

နိုင်ငံတော်အလံအလေးပြု

အစီအစဉ်အရ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကိုဖတ်ကြားကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

သမိုင်းအစဉ်အလာ

ထို့နောက် သဘာပတိ ဟင်္သာတတက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် ဦးစိုးမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်တည်တံ့ခိုင်မြဲသော သမိုင်းအစဉ်အလာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ်သန်း ၄၀ခန့်ကပင် မြန်မာဦးလူများ စတင်နေထိုင်ခဲ့သည်ကို မြန်မာနိုင်ငံအလယ်ပိုင်း ပုံတောင်ဒေသမှတွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြလျက်ရှိကြောင်း၊ **'လူသားမျိုးနွယ်အစမြန်မာက'** ဟုပင် ယူဆနိုင်ပြီဖြစ်ကြောင်း။

ယနေ့မျက်မှောက်ကာလ အနီးစပ်ဆုံးအချိန်ကိုကြည့်ပါက ၁၉၈၈ခုနှစ်တွင် မြေပေါ်မြေအောက် အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် မင်းမဲ့စရိုက် အခြေအနေဆိုးများအထိ ဖြစ်ခဲ့ရကြောင်း၊ နိုင်ငံလွတ်လပ်ရေး ဆုံးရှုံးပြီး နိုင်ငံတော်ပြိုကွဲမည့် အခြေအနေထိ ကျရောက်ခဲ့ရသဖြင့် တပ်မတော်က နိုင်ငံတော်ကို အချိန်မီထိန်းသိမ်းခဲ့ရပါကြောင်း။

တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်သူကြားက ပေါက်ဖွားလာသော တပ်မတော်သည် တိုင်းရင်းသား မိဘပြည်သူများ၏အကျိုးစီးပွားကို ဦးထိပ်ထားပြီး အသက်ပေး ကာကွယ်စောင့်ရှောက်သည့်နည်းတူ နိုင်ငံရေးအရလည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက် ၁၂ရပ်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက် ၁၂ရပ်သည် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူတိုင်း လိုက်နာဆောင်ရွက်ကြရမည့် အချက်များဖြစ်ပါကြောင်း။

အသက်တမျှအရေးကြီး

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အာဏာကို ပြည်သူများလက်ဝယ်သို့ ညင်သာစွာ ပြန်လည်အပ်နှင်းရေးဦးတည်ပြီး နိုင်ငံအတွက် အသက်တမျှ အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို ရှေးရှုကာ အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်ဖက်က စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်အောင် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒေသအနှံ့ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြောင်း၊ အမျိုးသားညီလာခံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် အတိတ်သမိုင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း ပြန်ပြီးကြည့်ရပါကြောင်း၊ အတိတ်သမိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ရှိခြင်းကြောင့် နိုင်ငံတော်နှင့်ပြည်သူများ အခက်အခဲအကျပ်အတည်းများနှင့် တွေ့ကြုံခဲ့ရကြောင်း။

စနစ်တကျဆောင်ရွက်နေ

ထို့ကြောင့် ယခု အမျိုးသားညီလာခံတွင် အားနည်းချက်များ၊ အဖျက်မျိုးစေ့များမပါစေရန် စိတ်ရှည်လက်ရှည် အချိန်ယူပြီး ဝေဖန်သုံးသပ်ကာ အသေးစိတ် ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ချမှတ်ထားသည့်အစီအစဉ်အတိုင်း အလေးအနက်ထားပြီး စနစ်တကျဆောင်ရွက်နေသည်နှင့်တစ်ပြိုင်နက်တည်းမှာပင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန် နေ့မအား၊ ညမနား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများရှိလာသည်ကို တွေ့မြင်နေကြရခြင်း ဖြစ်ကြောင်း။

ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် **နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်လာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ခိုင်မြဲလာသည်ကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကိုလည်း မပြတ်သောသတိ အမြဲရှိကြရန် လိုအပ်မှာဖြစ်ကြောင်း၊ အဖျက်လုပ်ဆောင်ချက်များကို တိုင်းရင်းသား ပြည်သူများအားလုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်း တွန်းလှန်သွားကြရမှာဖြစ်ကြောင်း။**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားများလောက် မည်သည့် နိုင်ငံသူနိုင်ငံသားမျှ မချစ်နိုင်ကြကြောင်း၊ နိုင်ငံတော်ကြီးကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားကြရမည့် တာဝန်သည် နိုင်ငံသားများအားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ခိုင်မာမှသာ အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကြေညာထားပြီး မူဝါဒလမ်းစဉ်(၇)ရပ်၏ အဓိကအခြေခံအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျင်းပသွားနိုင်ရေးသည် နိုင်ငံသူနိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ကြီးပင် ဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်ရေးနှင့်ကျင်းပဆဲဖြစ်သော အမျိုးသားညီလာခံကြီးအောင်မြင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားပြည်သူ အားလုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကိုတင်သွင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်မှာမဟုတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမှုနှင့်ပတ်သက်ပြီး နိုင်ငံအချို့၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို အလျင်စလို ရေးဆွဲခဲ့ခြင်းကြောင့် ယနေ့တိုင် ပဋိပက္ခများဖြစ်နေသည်ကို တွေ့ရကြောင်း၊ အချို့နိုင်ငံများ၌ အချိန်ယူပြီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံများ၏ စီးပွားဖွံ့ဖြိုး တိုးတက်မှု အရှိန်အဟုန် ကောင်းမွန်လျက်ရှိသည်ကို တွေ့ရကြောင်း။

အချိန်ယူရေးဆွဲ

ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်ရေး အတွက် အတိတ်သမိုင်း၏ အားနည်းချက်၊ အားသာချက်များ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအပေါ်အခြေခံပြီး မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီအောင် အချိန်ယူ ရေးဆွဲလျက်ရှိရာ အနာဂတ်မြန်မာနိုင်ငံတော်ကို ဖော်ဆောင်မည့် အခြေခံမူများရေးဆွဲနေသော အမျိုးသားညီလာခံကြီးအောင်မြင်ရေးသည် မိမိတို့တစ်မျိုးသားလုံးအတွက် အသက်တမျှအရေးကြီးသော ပန်းတိုင်ဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါကြောင်းဖြင့် အဆိုတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ် ပုသိမ်တက္ကသိုလ်ဥပဒေပညာဌာနမှ နည်းပြဒေါ်တင်တင်သန်းက ထောက်ခံ ဆွေးနွေးတင်ပြရာတွင် တပ်မတော်အစိုးရလက်ထက်၌ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အဘက်ဘက်မှ ယိုယွင်းပျက်စီးနေသော အခြေအနေများကို ပြန်လည်ထိန်းသိမ်းကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ခဲ့ရကြောင်း။

ခေတ်အဆက်ဆက် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုနယ်ပယ်များတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း၊ နောက်လိုက်ကောင်းတို့၏အရည်အချင်းများပြည့်စုံစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြပါကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ယခုအခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ကိုကူးပြောင်းနိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့် တိုင်းအောင်မြင်ရန် ပြည်သူအားလုံးနှင့်အတူ အမျိုးသမီးထု တစ်ရပ်လုံးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အမျိုးသားညီလာခံ ကြိုဆို ထောက်ခံခြင်းအဆိုကို ဧရာဝတီတိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စား လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် တိုင်းအသင်း တွဲဖက်အတွင်းရေးမှူးဒေါက်တာစောသန္တာမြင့်က ထောက်ခံ ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးသည် အဓိကဖြစ်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံတော်၏ သဘာဝအနေအထား၊ သမိုင်းကြောင်းအခြေခံ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စသည့် အခြေအနေအရပ်ရပ်များနှင့် လိုက်လျောညီထွေဖြစ်နေပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့်အခါတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက ဆွေးနွေးချမှတ်နေကြခြင်းဖြစ်ကြောင်း။

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကူးပြောင်းမည်ဆိုလျှင် ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို အတင်းအကျပ် အဆောတလျင် ကူးပြောင်းသည့်အတွက် နိုင်ငံအချို့၏ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာ ယူကြရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ပေးနေခြင်းဖြစ်သည့်အတွက် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ယခုအခါ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပနေကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်သည့်အခြေခံမူများအပေါ် မူတည်ပြီး ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက် အသက်ဝိညာဉ်ပမာ အရေးကြီးလှကြောင်း။

တစ်တပ်တစ်အားပူးပေါင်းပါဝင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဖျက်အန္တရာယ်မှန်သမျှကို ပြည်သူများနှင့်အတူ တားဆီးကာကွယ်သွားမှာဖြစ်ပါကြောင်း ကတိပြုလျက် အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ဥပဒေပညာရှင် ဒေါ်လေးလေးမွန်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေရုံဖြင့် မပြီးသေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေနိုင်ရန်အတွက် နယ်နိမိတ်သတ်မှတ်ချက်ရှိရမည်။ နိုင်ငံအတွင်းနေထိုင်ကြသော လူဦးရေ ပြည်သူရှိရမည်၊ အုပ်ချုပ်သည့်အစိုးရရှိရမည်၊ အချုပ်အခြာအာဏာရှိရမည်ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဆိုသည့် အာဏာသုံးရပ်ဖြစ်ကြောင်း၊ ယင်းအချက်လေးချက်နှင့် ပြည့်စုံမှသာ အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံဟု ခေါ်ဆိုနိုင်မှာဖြစ်ကြောင်း။

အသက်ဝိညာဉ်ပမာအရေးကြီး

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံ၏အင်္ဂါရပ်နှင့်ပြည့်စုံနိုင်ရန် နိုင်ငံရေးဦးတည်ချက်(၄)ချက်၏ တတိယအချက်ဖြစ်သော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးဆောင်ရွက်ချက်သည် မိမိတို့နိုင်ငံအတွက် အသက်ဝိညာဉ်ပမာ အရေးကြီးလှပါကြောင်း။

တွေ့ရှိရကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးကို အထောက်အကူပြုမည့် စီးပွားရေးစနစ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရန်အတွက် ၁၉၈၈ခုနှစ် နောက်ပိုင်းမှစပြီး မြန်မာ့စီးပွားရေးအဆောက်အအုံ၌ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံလိုအပ်ချက်များကို တည်ဆောက်နိုင်ရန် စီးပွားရေးဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်တွင်းပြည်ပ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စီးပွားရေးဆိုင်ရာအခြေခံမူများ အားနည်းသည့်အတွက် နိုင်ငံတော်နှင့်ပြည်သူများ စီးပွားရေးကျဆင်းလာခဲ့ပြီး စားဝတ်နေရေး ကျပ်တည်းမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်းဆူပူအုံကြွမှုဖြစ်ခဲ့ပြီး နိုင်ငံတော် အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မည့် အခြေအနေအထိရောက်ရှိခဲ့သည်ကို မိမိတို့အားလုံး သိရှိခံစားခဲ့ကြရပြီးဖြစ်ကြောင်း။

အခြေခံမူ(၇)ချက်

ဤသည်တို့ကို သင်ခန်းစာယူပြီး ယခုကျင်းပပြုလုပ်နေသော အမျိုးသားညီလာခံကြီးက အနာဂတ်နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းစေရန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စီးပွားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူ(၇)ချက်ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယင်းအခြေခံမူများကို လေ့လာကြည့်ပါက အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီးတွင် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွား ခိုင်မာတောင့်တင်းစေရန် ရည်ရွယ်ရေးရှုပြီး ဒီမိုကရေစီ နည်းလမ်းတကျ ပြည့်ပြည့်စုံစုံ ဆွေးဆွေးနွေး ချမှတ်ဆောင်ရွက်နေခြင်းဖြစ်၍ ယခု ကျင်းပပြုလုပ်နေသော အမျိုးသားညီလာခံကို လေးလေးနက်နက်ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာမှ ဒေသခံတောင်သူ ဦးဆန်းမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့ မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းသည် ဘယ်ခေတ်၊ ဘယ်အခါနှင့်မျှ မတူအောင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည်ကို မှန်မှန်ကန်ကန် မြင်တတ်၊ ရှုတတ်လျှင် အမှန်အတိုင်း တွေ့မြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံသူနိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် အသက်တမျှ အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ပြည်သူ့အင်အားဖြင့်ခုခံတိုက်ထုတ်

မိမိတို့ပြည်သူများအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေသော အမျိုးသားညီလာခံကြီးကို မည်သည့်အကြောင်းများနှင့်မျှ မပျက်စီးစေလိုပါကြောင်း၊ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်လာသူမှန်သမျှကို ပြည်သူ့စွမ်းအားဖြင့် ခုခံတိုက်ထုတ် ကာကွယ်သွားကြရမှာဖြစ်ကြောင်း။

ခွင့်သာတုန်းခါ လိုက်ခဲ့ပါ

✻ **စည်း**လုံးချစ်ကြည်၊ ညီညွတ်မည်တည့်
တူညီလက်တွဲ၊ ခိုင်မြဲမပြတ်
ထိန်းသိမ်းအပ်သည်၊ စိတ်ဓာတ်မျိုးချစ်စစ်မှန်တည်း။

✻ **လုံး**ဝန်းညီညာ၊ ပြည်ထောင်သာလို့
ရှေ့သို့သွားရန်၊ လမ်းမှန်ခုနစ်ရပ်
ချမှတ်ခဲ့သည်၊ ရွှေညီလာခရီးအစတည်း။

✻ **ချစ်**စရာ့မွေနှစ်၊ ရိုးရာစစ်မို့
နှစ်သက်မြတ်နိုး၊ အမျိုးသားယဉ်ကျေးမှု
စဉ်ရှေးရှုသည်၊ ပြည်ထောင်စု၏အလှတည်း။

✻ **ကြည်**နူးပျော်ရွှင်၊ ရေစင်ရေသန့်
ညာကြေအနှံ့သို့၊ စိုက်ဖို့သုံးရန်
ပေါပြည့်လျှံသည်၊ မြန်ပြည်စီးပွားအကျိုးတည်း။

✻ **နိုင်**ငံတစ်ဝန်း၊ ကားလမ်းတံတား
ရထားလမ်းသစ်၊ လျှပ်စစ်စွမ်းနှင့်
အဆင့်မြင့်သည်၊ တည်ထားတက္ကသိုလ်ထိုထိုတည်း။

✻ **ငံ**ငံရည်ရည်၊ တူညီရွှင်ကာ
ရွှေညီလာကို၊ ကြိုဆိုဂုဏ်ပြု
ထောက်ခံမှုသည်၊ ပြည်သူ့ဆန္ဒအမှန်တည်း။

✻ **တော်**တည့်မှန်ကန်၊ အားစိတ်သန်၍
နိုင်ငံအရေး၊ အေးချမ်းဖြိုးအောင်
ရှေးရှုဆောင်သည်၊ အောင်မည်မလွဲသေချာတည်း။

✻ **သစ်**လွင်သဏ္ဍာန်၊ စစ်မှန်စည်းကမ်း
ပြည့်စုံလျှမ်းသည့်၊ လမ်းဒီမိုဆီသို့
ချီတက်ကြသည်၊ ချစ်ကြည်တူတူညီညီတည်း။

✻ **ဆီ**လျော်မှန်ကန်၊ စစ်မှန်ဥပဒေ
ပေါ်ပေါက်စေရေး၊ ရွှေညောင်နှစ်ပင်
လုပ်ငန်းစဉ်သည်၊ အောင်မည်ကေန်မလွဲတည်း။

✻ **သို့**လောသို့လော၊ မတွေးတောနှင့်
ခွင့်သာတုန်းခါ၊ မလိုက်ပါလျှင်
သင်သာမိုက်သည်၊ ဖြစ်လိမ့်မည်တည်း ဖြစ်မည်တည်း။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

(အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများကို ဂုဏ်ပြုလျက်-)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှကိုယ်စားလှယ် ပုသိမ် တက္ကသိုလ် ဥပဒေပညာ ဌာနမှ နည်းပြ ဒေါ်တင်တင်သန်း အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် တိုင်းအသင်း တွဲဖက် အတွင်းရေးမှူး ဒေါက်တာစောသန္တာမြင့် အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ထောက်ခံဆွေးနွေး

ဥပဒေ ပညာရှင် ဒေါ်လေးလေးမွန် အမျိုးသား ညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့်ပြည်ထောင်စုတစ်ခုလုံးအတွက် မရှိမဖြစ် အဓိကလိုအပ်ချက်ဖြစ်ကြောင်း။

အမျိုးသားညီလာခံသည် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားအားလုံး၏ အနာဂတ်နိုင်ငံတော်သစ်ကို ပုံဖော်နေခြင်းဖြစ်၍ အမျိုးသားညီလာခံကြီးကြိုဆိုထောက်ခံပါကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ပိုမိုကျယ်ပြန့်စွာဆောင်ရွက်

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ဧရာဝတီတိုင်း စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် ဦးမျိုးချစ်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြောင်း၊ စီးပွားရေးခိုင်မာတောင့်တင်းမှသာ နိုင်ငံရေးနှင့်လူမှုရေးတို့ကို အထောက်အကူပြုမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စီးပွားရေးဦးတည်ချက်(၄)ရပ် ချမှတ် ဆောင်ရွက်နေသည်ကို

မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်ရှိကြသော မိမိတို့ ပြည်သူလူထုအားလုံးက စစ်မှန်ပြီး စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်အောင် ကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ပါကြောင်း၊ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပပြီးစီးရေးအတွက် ကျရာကဏ္ဍက တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမှာဖြစ်ပါကြောင်းနှင့် အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ကြိုဆိုထောက်ခံကြောင်းကြေညာ

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူ ဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးကြီးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက်၉နာရီ ၄၅မိနစ်တွင် အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲ၊ (၂၅)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဖေဖော်ဝါရီ၂ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးခမ်းမရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့်ပြီး ကန်တော့ခံသူအသင်းဝင်ပုဂ္ဂိုလ်များ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ထားသူများ၊ ရန်ကုန်မြို့မှ အသင်းဝင်များ၏သားသမီးများ၊ ဒိုက်ဦးမြို့နယ်မှ အမှတ်အများဆုံးသုံးဦးနှင့် ဆရာပု၊ ဆရာ ဦးချစ်ဆွေ၊ ဆရာမဒေါ်အေးကြည်တို့၏ပညာသင်ထောက်ပံ့ကြေးဆုရရှိရန် အတည်ပြုထားသော ဒိုက်ဦးအထကမှ အောင်မြင်သည့် ကျောင်းသားကျောင်းသူများ၏ စာရင်းတို့၏စာရင်းကို ဖေဖော်ဝါရီ၁၀ရက်နောက်ဆုံးထား၍ နာယက ဦးမောင်မောင်ဌေး ဖုန်း-၃၇၉၃၇၇၊ ဦးသောင်း(နာယက) ဖုန်း- ၂၅၄၁၀၈၊ ဗိုလ်မှူးဘဝင်း(ငြိမ်း)ဥက္ကဋ္ဌ၊ ဖုန်း-၅၆၅၄၂၁၊၀၉၈၀-၃၂၈၆၅၊ ဦးတင်နု (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၈၄၉၁၉နှင့် ဦးစိုးဝင်း(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၀၀၄၆တို့သို့ဆက်သွယ်စာရင်းပို့ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စလင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်ကဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်ခံရသော ပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇန်နဝါရီ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဟိုတယ်ခရီး(စား/ဖျော်)ခမ်းမရုံတွင် ကျင်းပမည်ဖြစ်သည်။ အသက်(၇၅)နှစ်ပြည့် အသင်းဝင်များ၊ ၂၀၀၅ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများစာရင်းနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဒေါက်တာထွန်းဆိုင် ဖုန်း-၆၁၀၈၁၇၊ ၆၆၅၅၇၉၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၀၄၄၊ ၆၁၈၂၃၀၊ ဦးဝင်းလှိုင် ဖုန်း-၅၅၄၈၉၇၊ ၃၉၂၈၉၉၊ ဦးစိန်ဝင်းမော် ဖုန်း-၆၈၃၆၂၃ နှင့် ဦးလင်းသက်မော် ဖုန်း-၀၉-၅၀-၁၂၁၅၉ တို့သို့ ဆက်သွယ်ပေးပို့ကြရန်ဖြစ်သည်။ နှစ်ပတ်လည်အစည်းအဝေးသို့ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

“နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းအားဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည့် မြန်မာ့ပညာရေးကို နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်အောင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့”

[ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား/ သင်တန်းသူများကို ဂုဏ်ပြုလျက်]

အမျိုးသားညီလာခံကိုယ်စားလှယ်များ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်း

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သော ယမန်နေ့ (စနေနေ့)နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်များကိုလည်း ကြည့်ရှုလေ့လာကြသည်။ ထို့အတူ ယနေ့(တနင်္ဂနွေနေ့)တွင် ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဘုရားရှိခိုးကျောင်းသို့ သွားရောက် ဝတ်ပြုဆုတောင်းကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့နံနက် ၇ နာရီခွဲတွင် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ တည်ထား ကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဖူးမြော်ကြည်ညိုကန်တော့ကြသည်။

ထို့နောက် အာရုံခံတန်ဆောင်း၌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓရ ဦးရှိန်အောင်ဗိုလ်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဖြစ်ထွန်းလာမှု နောက်ခံသမိုင်းနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များက စုပေါင်းလှူဒါန်းငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မင်းဓမ္မလမ်းရှိ ရတနာဆင်ဖြူတော်များကိုသွားရောက်ကြည့်ရှုလေ့လာကြရာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒေါက်တာခင်မောင်ဝင်းနှင့် ဂေါပကအဖွဲ့ကြီး အလှူရှင် ဦးအောင်ဇေယျက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မင်းဓမ္မကုန်းတော်ရှိ မဟာအတုလပတ္တနီလာသပိတ်တော်ကြီးကို ကြည့်ရှုလေ့လာကြရာ သပိတ်တော်ကြီးအကြောင်း သိကောင်းစရာများကို သပိတ်တော်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဒေါက်တာခင်မောင်ဝင်းက ရာဇဂဟသိရိပစ္စယဂဇရာဇာရတနာဆင်ဖြူတော်၊ သီရိမာလာရတနာဆင်ဖြူတော်နှင့် ရတီမာလာရတနာဆင်ဖြူတော်တို့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရတနာဆင်ဖြူတော်များ အစားအစာအတွက် စုပေါင်းအလှူငွေ ၂၇၀၃၅ ကျပ်ကို ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းကြပြီး ရတနာဆင်ဖြူတော်များအား အစာကျွေးကြကာ ညောင်နှစ်ပင်စခန်းသို့ ပြန်လည်ထွက်ခွာသွားကြသည်။

နှုတ်ခွန်းဆက်စကားပြော

အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ် အနော်ရထာလမ်းရှိ ဦးနော အောက်မေ့ဘွယ်ရာ မြန်မာနှစ်ခြင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိကြရာ သင်းအုပ်ဆရာကြီး ဦးတိုးတိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်အရ ဝတ်ပြုကိုးကွယ် ဆုတောင်းကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် ၂၀၆ ပထမထပ် ဗဟိုလမ်း စမ်းချောင်းနေ ဒေါ်ကျင်အေး နှစ်(၈၀)ပြည့် မွေးနေ့အလှူအဖြစ် အလှူငွေကျပ် ၃၀၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ကော်မတီ ဦးဌေးမြင့်ဘဏ္ဍာရေးမှူးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလက(၃)အလုံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

အလက(၃)အလုံကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယင်းကျောင်းသဇင်ခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက် ပူဇော်ကန်တော့ကြရန်နှင့် ကိုအောင်ကျော်ထင် ဖုန်း-၀၉-၅၁၁၄၃၈၊ ကိုထွန်းထွန်းလင်း ဖုန်း-၀၉-၅၀-၀၂၅၈၇၊ ကိုညဏ်မင်းအောင် ဖုန်း-၂၁၀၉၂၂၊ မသင်းသင်းမို့ ဖုန်း-၀၉-၅၀-၀၄၄၃၈၀၊ မအေးအေးခိုင် ဖုန်း-၀၉-၅၁-၄၄၉၀၅ နှင့် မကြည်ကြည်ညွန့် ဖုန်း-၇၀၈၁၃၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရွှေတိဂုံဘုရားလမ်းရှိ သစ်လုပ်ငန်းခမ်းမရုံ၌ကျင်းပသည့် အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး သက်ကြီးဘိုးဘွား ၁၄ ဦးအား ကန်တော့ကြသည်။

ဂုဏ်ပြုဆုပေးအပ်

ယင်းနောက် ဝန်ကြီးက ဘွဲ့ထူး ဂုဏ်ထူးရရှိသူများ၊ ပညာရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ပြီး **(အပေါ်ပုံ)** အင်္ဂပူမြို့နယ်အသင်းဝင် အလှူရှင်များ၏ အလှူငွေများကိုလက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၀၀	ဒေသဝမ်းစာဖူလုံဖို့ဆင်းရွှေလီ စပါးစိုက်ကြစို့ (အပိုင်း-၁)
၇း၀၅	တေးဂီတအစီအစဉ်	၁၀း၁၀	တေးဂီတအစီအစဉ်
၇း၁၀	သံလွင်မြစ်နဒီလက်ခုပ်သံဝေစီ	၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	တေးဂီတအစီအစဉ်	၁၀း၂၀	စားချင်စဖွယ် မုန့်လုပ်နည်း အသွယ်သွယ် (အုန်းသီးကျောက်ကျော)
၇း၃၀	မေးကြည့်ဖြေကြည့်ပဟေဠိ	၁၀း၂၅	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း	၁၀း၃၀	အခြေခံဘော်လီဘော ကစားနည်း နည်းစနစ်များ အပိုင်း(၁)
၈း၀၅	ဆရာကြီး ဦးလွန်းကြွယ်၏ စိန်ရတုမွေးနေ့ပန်းချီပြပွဲ	၁၀း၄၀	တေးဂီတအစီအစဉ်
၈း၅၅	တေးဂီတအစီအစဉ်	၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း	၁၀း၅၀	မနီတို့ရွာနှင့်မြစ်
၉း၀၅	မြစိမ်းရောင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း (ဘဲမွေးမြူရေး)	၁၁း၀၅	တေးဂီတအစီအစဉ်
၉း၃၀	တေးဂီတအစီအစဉ်	၁၁း၁၀	ကျန်းမာရေးအတွက် သန့် (၄) သန့်
၉း၃၅	မိုးလေဝသခန့်မှန်းချက်	၁၁း၃၀	ဂီတသံစဉ်အလှဆင် (ခင်ယုမေ)
၉း၄၀	လိုက်နာကြပါ	၁၁း၄၅	မြန်မာ့ရင်းနှီးမြှုပ်နှံရေးနှင့် ကုန်သွယ်ရေးဘဏ်
၉း၄၅	အိုလံပစ်အားကစားချန်ပီယံများ	၁၁း၅၅	တေးဂီတအစီအစဉ်
၉း၅၅	တေးဂီတအစီအစဉ်	၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂၂း၂၅	West Ham-Fulham	5-Sports(Live)

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှ ၁၉၉၆ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက အောင်မြင်စွာချမှတ်ခဲ့ပါသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၏ ၃-၃-၂၀၀၅ရက်နေ့ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုချမှတ်ခဲ့ပါသည်။

ယင်းသို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် သက်ဆိုင်ရာကဏ္ဍများအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍဟူ၍ ကဏ္ဍကြီး(၁၁)ရပ် ပါဝင်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းကဏ္ဍကြီးများနှင့်စပ်လျဉ်း၍ ဥပဒေပြုစာရင်းများကို ဆွေးနွေးတင်ပြလျက်ရှိရာ ယခုဆက်လက်၍ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍတို့နှင့် စပ်လျဉ်းပြီး မေးမြန်းဆွေးနွေး ကြားသိရသမျှ ပြန်လည်တင်ပြလိုက်ရပါသည်။

စိုးမြကျော် – **ကျွန်တော်တို့မြန်မာနိုင်ငံမှာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေကို အခြေခံကစပြီး ပြောင်းလဲကျင့်သုံးနေပြီဖြစ်လို့ အဲဒီစနစ်တွေနဲ့ သဟဇာတဖြစ်ပြီး ပြောင်းလဲကျင့်သုံးတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေကို ကောင်းမွန်စွာ ပဲ့ကိုင်ထိန်းကျောင်းနိုင်စွမ်းရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိဖို့သိပ်အရေးကြီးတယ်နော် ဘကြီး။**

ဘကြီးစိုး – ဒါကြောင့် အမျိုးသားညီလာခံက ရရှိပြီးအသီးအပွင့်ဖြစ်တဲ့ အခြေခံမူ(၁၀၄)ချက်ကို အခြေခံပြီး လိုအပ်တဲ့ အသေးစိတ် အခြေခံရမယ့်မူတွေရအောင် ဆက်လက်ဆောင်ရွက်နေကြတာပေါ့ကွယ်။

စိုးမြကျော် – ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ခဲ့တာနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ ကဏ္ဍတော်တော်များများ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့တော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရာမှာ သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးက အဓိကကျသလို အဲဒီပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေ အဆင်ပြေ ချောမွေ့စေဖို့အတွက် လမ်း၊ တံတားနဲ့ အဆောက်အအုံ တည်ဆောက်ရေး၊ ဆက်သွယ်ရေးအတွက် အခြေခံများတည်ထောင်ရေးတို့ကလည်း ပဓာနကျတယ်။ ဒါကြောင့်မို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍကို တစ်ဆက်တစ်စပ်တည်း ပေါင်းရုံးပြီး ဖော်ပြထားတာဖြစ်ပါတယ်။

စိုးမြကျော် – နိုင်ငံတော်က စီးပွားရေးကုန်သွယ်မှုကို အထောက်အကူပြုမယ့် လမ်း၊ တံတားတွေကို တစ်နိုင်ငံလုံး ကွန်ရက်ယှက်နွယ်ပြီး တည်ဆောက်ပေးနေသလို တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှု များပြားလာပြီး ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာလာအောင် ပြည်ထောင်စုလမ်းမကြီးတွေ၊ ချစ်ကြည်ရေးတံတားကြီးတွေကိုပါ စုစည်းဆက်စပ်ပြီး တည်ဆောက်ဖော်ဆောင်ပေးနေတာတွေ့ရပါတယ်ဘကြီး။

ကြီးကြီးမြ – နယ်ချဲ့ခေတ်တုန်းကဆိုရင် လမ်း၊တံတားတွေကို သူတို့ရဲ့ အုပ်ချုပ်ရေးနဲ့ စီးပွားရေး လွယ်ကူအဆင်ပြေစေဖို့ လောက်သာရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့တာ ဖြစ်တယ်ကွယ့်။ မိုင်တစ်ထောင်ကျော် ရှည်လျားစွာ စီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးမှာ စစ်ကိုင်းတံတားတစ်စင်းပဲ တည်ဆောက်ပေးထားခဲ့တာကိုကြည့်ရင် နယ်ချဲ့ရဲ့ ရည်ရွယ်ချက်ကို အလွယ်တကူသိနိုင်ပါတယ်။

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ နယ်ချဲ့ခေတ်တုန်းက လမ်းတံတားတွေကို လုံလုံလောက်လောက် ဖောက်လုပ်မပေးခဲ့တဲ့အပြင် တစ်နယ်မှတစ်နယ်သို့၊ မြေပြန့်မှတောင်ပေါ်သို့ လွတ်လွတ်လပ်လပ် ကူးသန်းသွားလာခွင့်မရှိအောင်လည်း ဥပဒေတွေထုတ်ပြီး ချုပ်ချယ်ကန့်သတ်ခဲ့တယ်လို့ သိရပါတယ်ခင်ဗျာ။

ဘကြီးစိုး – လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၄၀ ကာလအတွင်းမှာ ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်ကြောင့် လမ်းတံတားတွေကို ဖြစ်ဖြစ်မြောက်မြောက် တိုးချဲ့ပြီး မတည်ဆောက်နိုင်ခဲ့ဘူးကွယ့်။ တည်ဆောက်ထားသမျှတွေကိုလည်း သောင်းကျန်းသူမျိုးစုံက ဖျက်လိုဖျက်ဆီးလုပ်ခဲ့လို့ တစ်နေရာနှင့်တစ်နေရာ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်တွေ ဖြစ်ပေါ်လာခဲ့ရတာပါပဲ။

ကြီးကြီးမြ – **၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ တစ်လကိုတံတားတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ ၁၂ ခုနှုန်းနဲ့ ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ပေးနိုင်ခဲ့တယ်။ အဲဒီလိုတည်ဆောက်နိုင်အောင် ကိုယ့်အခြေအနေနဲ့ကိုယ် အဘက်ဘက်က ကြိုးပမ်းအားထုတ်ခဲ့ရတယ်။ ဒါကြောင့်မို့ နယ်ချဲ့ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ လမ်းစဉ်ပါတီခေတ်တွေကထက် ယနေ့မျက်မှောက်ခေတ် ဆယ်စုနှစ်ကျော်အတွင်းမှာ လမ်းတံတားတွေ၊ ဆည်တမံတွေ ရာဂဏန်းနဲ့ချီပြီး ပိုမိုဖြစ်ထွန်းတိုးတက်လာတာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား။**

ဘကြီးစိုး – ဆက်သွယ်ရေးအပိုင်းမှာလည်း ဟိုးအရင်ခေတ်တွေထက် အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရလိမ့်မယ်။ ခေတ်မီဆက်သွယ်ရေးနည်းတွေဖြစ်တဲ့ တိုက်ရိုက်ဆက်သွယ်ရေး တယ်လီဖုန်းစနစ်တွေ တိုးချဲ့တပ်ဆင်ခြင်း၊ ပြည်ပနိုင်ငံတွေနဲ့ဆက်သွယ်တဲ့ အသံလွှင့် အသံဖမ်းစခန်းတွေ၊ ဂြိုဟ်တုစခန်းတွေ တည်ဆောက်ခြင်းစတာတွေနဲ့ မြန်မာနိုင်ငံရဲ့ဆက်သွယ်ရေးလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတယ်။ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နဲ့ အလားတူ ဆက်သွယ်ရေးကိစ္စတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်အောင် မြှင့်တင်ပေးနေတာ အားရစရာပါပဲ။

စိုးမြကျော် – ဒီရလဒ်တွေဟာ ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ရာနှုန်းပြည့် နီးပါး အေးချမ်းတည်ငြိမ်လာလို့ စိတ်သွားတိုင်းကိုယ်ပါ တည်ဆောက်လာနိုင်တဲ့ တိုင်းကျိုးပြည်ပြု ရလဒ်တွေပဲဖြစ်ပါတယ်။ အဲဒီလိုကြိုးပမ်းအားထုတ် လုပ်ဆောင်ချက်တွေကို မြန်မာပြည်သူတွေအတွက် တစ်ချောင်းထိုးဝါးတံတားလေးတစ်ခုတောင် ခင်းမပေးဖူးတဲ့ လက်ဝဲလက်ယာ ပြည်တွင်းပြည်ပ အဖျက်သမားတွေက ကဖျက်ယဖျက်စိတ်ထားနဲ့ မလိုတမာပြောကြား နေကြတာကတော့ တကယ့်ကို စိတ်ပျက်စရာပါပဲခင်ဗျာ။

ဘကြီးစိုး – ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဖို့ အဓိကပဲမဟုတ်လား။ အတိတ်ဖြစ်ရပ်တွေကို သင်ခန်းစာယူ၊ ပစ္စုပ္ပန်မှာ မျက်မှောက်ပြုနေရတဲ့ နယ်ချဲ့သမားနဲ့ လက်ဝေခံ ဖောက်ပြန်ရေးဝါဒီတွေရဲ့ အန္တရာယ်ကိုသတိမူပြီး အနာဂတ်နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင်၊ အကျိုးအရှိဆုံးဖြစ်အောင် ဆောင်ရွက်ကြရမှာက တိုင်းကျိုးပြည်ပြုသမားတွေရဲ့ သမိုင်းပေးတာဝန်ပဲမဟုတ်လား။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ဥပဒေပြုစာရင်းကို ဆက်ပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး – ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဖော်ပြထားတာတွေကတော့–

(၁) ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊
(၂) ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊
(၃) ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး၊
(၄) ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး၊
(၅) ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊
(၆) မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ၊
(၇) သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊
(၈) လေကြောင်းသယ်ယူပို့ဆောင်ရေး၊
(၉) လေကြောင်း ပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့် လေယာဉ်ကွင်းတည်ဆောက်ရေး၊
(၁၀) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊
(၁၁) မီးရထား၊
(၁၂) ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ၊
(၁၃) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေး၊
(၁၄) ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်၊ အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးများ၊
(၁၅) အိမ်ရာနှင့် အဆောက်အအုံများ

တို့ပဲ ဖြစ်ပါတယ်။

စိုးမြကျော် – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ပါဝင်တဲ့ကိစ္စရပ်တွေကိုလည်း သိပါရစေ။

ဘကြီးစိုး – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ထည့်သွင်းအပ်နှင်းထားတဲ့ ကိစ္စရပ်တွေကတော့–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊
(၂) တိုင်းဒေသကြီး သို့မ[...] ရှိသည့် လမ်းများ၊ [...]
(၃) တိုင်းဒေသကြီး သ[...] သွားလာသည့် ပု[...] ပြေးဆွဲရေး

တို့ပဲဖြစ်တယ်။

စိုးမြကျော် – ဘကြီးရှင်းပြတဲ့ ဥပဒေပြု[...] လုံး ဖွံ့ဖြိုးတိုးတက်ရေးအ[...] ပြုပြီး သက်ဆိုင်ရာတိုင်းဒေ[...] တွေကို အကောင်အထည်[...] ကြီး ဒါမှမဟုတ် ပြည်နယ်[...] ဖော်ဆောင်ရမယ့် လုပ်ငန်း[...] လုပ်ဆောင်ခွင့်တွေပါနေ[...]

ဘကြီးစိုး – လမ်းတံတားတွေ ဆော[...] များပြားမှုနဲ့ ကျွမ်းကျင်မှု[...] တွေကို ပြည်ထောင်စုက[...] သွားမှာဖြစ်တယ်။ ဒါကြော[...] တဲ့ ပြည်ထောင်စုလမ်းမ[...] ကြီးတွေရှိမှာဖြစ်သလို တိုင်[...] တွေရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့[...] တံတားတွေလည်း ရှိလာ[...]

ကြီးကြီးမြ – **၁၉၈၈ ခုနှစ်မတိုင်ခင် န[...] နှစ်ပေါင်း ၁၀၀ နီးပါးအ[...] ပေ ၁၈၀ အထက်တံတာ[...] ၁၉၈၈ ခုနှစ်နောက်ပိုင်း [...] စုစုပေါင်း ၂၀၀ ကျော် ထ[...] ဒါ ၁၇ နှစ်တာကာလအ[...] လက်ရှိလမ်းတံတားတွေ၊ [...] မူတည်ပြီး ပြည်ထောင်[...] တိုင်းဒေသကြီးတွေ၊ ပြ[...] ခေတ်မီဖွံ့ဖြိုးတိုးတက်အေ[...] အကောင်အထည်ဖော်သွာ[...]**

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ အဲဒီလို [...] ဖော်ကြရာမှာ စီမံခန့်ခွဲ[...] ပြုခွင့်အာဏာ ခွဲဝေအပ်နှ[...] ဘကြီး။

ဘကြီးစိုး – အမျိုးသားညီလာခံက စီ[...] ပြည်ထောင်စုဥပဒေပြုစာ[...]

(၁) အထွေထွေအုပ်ချုပ်[...]
(၂) ရွာမြေ၊ မြို့မြေ စီမံ[...]
(၃) အိမ်ငှား၊ မြေငှား၊ [...]
(၄) မူးယစ်ဆေးဝါးနှင့် [...] ဆေးဝါး၊
(၅) နိုင်ငံတော်လျှို့ဝှက်[...] ကိစ္စများ၊
(၆) အသင်းအဖွဲ့များ၊
(၇) အကျဉ်းထောင်၊
(၈) နယ်စပ်ဒေသဖွံ့ဖြိုး[...]
(၉) သန်းခေါင်စာရင်း၊
(၁၀) နိုင်ငံသားဖြစ်ခြင်း၊ [...] အဖြစ်မှ ရပ်စဲခြင်း၊ [...] ရေးနှင့် မှတ်ပုံတင်[...]
(၁၁) ဘွဲ့ထူးဂုဏ်ထူး

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ တစ်လကို တံတားတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ ၁၂ခုနှုန်းနဲ့ ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ပေးနိုင်ခဲ့တယ်။ အဲဒီလို တည်ဆောက်နိုင်အောင် ကိုယ့်အခြေအနေနဲ့ကိုယ် အဘက်ဘက်က ကြိုးပမ်းအားထုတ်ခဲ့ရတယ်။ ဒါကြောင့်မို့ နယ်ချဲ့ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ လမ်းစဉ်ပါတီခေတ်တွေကထက် ယနေ့မျက်မှောက်ခေတ်ဆယ်စုနှစ်ကျော်အတွင်းမှာ လမ်းတံတားတွေ၊ ဆည်တမံတွေ ရာဂဏန်းနဲ့ချီပြီး ပိုမိုဖြစ်ထွန်းတိုးတက်လာတာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား။

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥ[...] အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက [...] ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့[...] အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်[...] အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အ[...] ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်သည်။

(၁၀) **စိုးမြကျော်**

ှင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက်
ကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်
သေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့်
ဲ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့
သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာ

(၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊**
(၃) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး**

တို့ပဲဖြစ်တယ်။

စိုးမြကျော် – ဘကြီးရှင်းပြတဲ့ ဥပဒေပြုစာရင်းနှစ်ခုကိုကြည့်ရင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုက ဥပဒေပြုပြီး သက်ဆိုင်ရာတိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တွေကို အကောင်အထည်ဖော်စေမှာဖြစ်သလို တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အလိုက် မိမိနယ်မြေအတွင်းမှာ ဖော်ဆောင်ရမယ့် လုပ်ငန်းတွေအတွက်လည်း ဥပဒေပြုခွင့်၊ လုပ်ဆောင်ခွင့်တွေပါနေတာ တွေ့ရပါတယ်ခင်ဗျာ။

ဘကြီးစိုး – လမ်းတံတားတွေ ဆောက်လုပ်ရာမှာ ငွေရင်းပမာဏ များပြားမှုနဲ့ ကျွမ်းကျင်မှု အထူးလိုအပ်တဲ့ လုပ်ငန်းကြီးတွေကို ပြည်ထောင်စုက ဖောက်လုပ်တည်ဆောက်ပေးသွားမှာဖြစ်တယ်။ ဒါကြောင့်မို့ ပြည်ထောင်စုက စီမံခန့်ခွဲတဲ့ ပြည်ထောင်စုလမ်းမကြီးတွေနဲ့ ပြည်ထောင်စုတံတားကြီးတွေရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ဖောက်လုပ်ရမယ့် လမ်းတွေ၊ တံတားတွေလည်း ရှိလာမှာဖြစ်တယ်။

ကြီးကြီးမြ – **၁၉၈၈ ခုနှစ်မတိုင်ခင် နယ်ချဲ့ခေတ်ကနေ ရေတွက်ရင် နှစ်ပေါင်း ၁၀၀ နီးပါးအတွင်း ကြီးကြီးတို့မြန်မာနိုင်ငံမှာ ပေ ၁၈၀ အထက်တံတား ၁၉၈ စင်းသာ ရှိခဲ့တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ပေ ၁၈၀ အထက် တံတားအသစ်စုစုပေါင်း ၂၀၀ ကျော် ထပ်မံတည်ဆောက်ပေးနိုင်ခဲ့တယ်။ ဒါ ၁၇ နှစ်တာကာလအတွင်းမှာ ဆောက်ပေးခဲ့တာနော်။ လက်ရှိလမ်းတံတားတွေ၊ အခြေခံအဆောက်အအုံတွေပေါ် မူတည်ပြီး ပြည်ထောင်စု တစ်ဝန်းလုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေအလိုက်ဖြစ်စေ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်တည်ဆောက် အကောင်အထည်ဖော်သွားကြရမယ်မဟုတ်လား။**

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ အဲဒီလို တည်ဆောက်အကောင်အထည်ဖော်ကြရာမှာ စီမံခန့်ခွဲရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းထားပုံကိုလည်း သိပါရစေ ဘကြီး။

ဘကြီးစိုး – အမျိုးသားညီလာခံက စီမံခန့်ခွဲရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ–

(၁) **အထွေထွေအုပ်ချုပ်ရေး၊**
(၂) **ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊**
(၃) **အိမ်ငှား၊ မြေငှား၊**
(၄) **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး၊**
(၅) **နိုင်ငံတော်လျှို့ဝှက်ချက် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများ၊**
(၆) **အသင်းအဖွဲ့များ၊**
(၇) **အကျဉ်းထောင်၊**
(၈) **နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊**
(၉) **သန်းခေါင်စာရင်း၊**
(၁၀) **နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊**
(၁၁) **ဘွဲ့ထူးဂုဏ်ထူး**

ဆိုပြီး အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်။

စိုးမြကျော် – ဟုတ်ကဲ့။ ဆက်ပြီးရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာတော့–

(၁) **စည်ပင်သာယာရေး၊**
(၂) **မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊**
(၃) **ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ**

ဆိုပြီး အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်။

စိုးမြကျော် – အဲဒီစီမံခန့်ခွဲရေးကဏ္ဍမှာအကျုံးဝင်တဲ့ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတွေဆိုရင် အတော့်ကို များပြားကျယ်ဝန်းမယ် ထင်ပါတယ်။

ကြီးကြီးမြ – အုပ်ချုပ်ရေးဆိုရာမှာ အကြောင်းအရာအလိုက် ကွဲပြားခြားနားတဲ့သဘောကို ဆောင်နေတယ်။ မြို့ပြအုပ်ချုပ်ရေး၊ ကျေးရွာအုပ်ချုပ်ရေးတွေရှိကြသလို သစ်တောနဲ့စပ်လျဉ်းတဲ့ အုပ်ချုပ်ရေး၊ မြေယာနဲ့စပ်လျဉ်းတဲ့ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေး၊ သတ္တုနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေး၊ ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေးနဲ့ဆိုင်တဲ့ အုပ်ချုပ်ရေးစတာတွေ ရှိကြပါတယ်။

ဘကြီးစိုး – အဲဒီလို အကြောင်းအရာအလိုက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စတွေကို သက်ဆိုင်ရာအာဏာပိုင်တွေက ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ကြရာမှာ ဥပဒေပြုအဖွဲ့အစည်းတွေက ပြဋ္ဌာန်းပေးတဲ့ ဥပဒေပြဋ္ဌာန်းချက်ဘောင်အတွင်းကသာ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတွေကို ကိုင်တွယ်ကျင့်သုံး ဆောင်ရွက်ကြရတယ်။

ကြီးကြီးမြ – အထွေထွေအုပ်ချုပ်ရေးကို တာဝန်ယူကြရတဲ့ဝန်ထမ်းတွေကို တစ်ချိန်က မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ တိုင်းမင်းကြီးနဲ့ အတွင်းဝန်လို့ ခေါ်ဝေါ်ခဲ့ကြတယ်။ အခုအခါမှာတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ တိုင်း သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး စသဖြင့်ခေါ်ဝေါ်ကြတယ်။

စိုးမြကျော် – ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကိုတည်ဆောက်ရာမှာ အုပ်ချုပ်ရေးယန္တရား ခိုင်မာတောင့်တင်းပြီး လျင်မြန်သွက်လက်စွာ စဉ်ဆက်မပြတ် စနစ်တကျ လည်ပတ်နိုင်ဖို့ လိုအပ်မယ်နော်ဘကြီး။

ဘကြီးစိုး – နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရား စနစ်တကျ စဉ်ဆက်မပြတ် လည်ပတ်နိုင်ဖို့အတွက် ဒီယန္တရားကြီးကိုကိုင်တွယ်မောင်းနှင်ဖို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ အရည်အချင်းပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းဖို့လည်း လိုအပ်တယ်။ ပြည်သူတွေမျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော **နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား ချောမွေ့သွက်လက်ပြီး စနစ်တကျ လည်ပတ်နိုင်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေးကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်သင့်တာကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားတာပဲ ဖြစ်ပါတယ်။**

စိုးမြကျော် – ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးကိစ္စနဲ့စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာကိုလည်း ပြည်ထောင်စုကို ပေးအပ်ထားတာ တွေ့ရပါတယ်ဘကြီး။

ဘကြီးစိုး – ဒီလိုပေးအပ်ထားရတာက ပြည်ထောင်စုတစ်ဝန်းလုံးကို လွှမ်းခြုံသက်ရောက်စေမယ့်ဥပဒေမျိုး ပြဋ္ဌာန်းဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲတဲ့ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို ပြည်ထောင်စုကပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တွေကိုလည်း ခွဲဝေအပ်နှင်းသွားမှာဖြစ်တယ်။

စိုးမြကျော် – ပြည်ထောင်စုဥပဒေပြုစာရင်းမှာ **မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး** ကိစ္စလည်း ပါဝင်တာ တွေ့ရပါတယ်။ အသေးစိတ် ရှင်းပြပေးပါဦး ခင်ဗျာ။

ကြီးကြီးမြ – ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြည်ထောင်စုဥပဒေပြုစာရင်း အရပ်ရပ်ဆိုင်ရာ ခေါင်းစဉ်အောက်မှာ **ဘိန်း၊ သို့ရာတွင် ဘိန်းအပေါ်၌ကောက်ခံသော ယစ်မျိုးခွန်များမပါ** ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့ရတယ်။ မျက်မှောက်ခေတ်မှာတော့ ဘိန်းကနေ အခြားမူးယစ်ဆေးဝါးတွေ ဆင့်ပွားပေါ်ပေါက်လာသလို အခြားသော မူးယစ်ဆေးဝါးတွေလည်း ပေါ်လာတာကြောင့် အခုလို ထည့်သွင်းပြဋ္ဌာန်းရတာ ထင်ပါတယ်။

ဘကြီးစိုး – မှန်ပါတယ်။ အခုအခါမှာ ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးကို အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါးကို တွန်းလှန်တိုက်ဖျက်ရာမှာ မြန်မာနိုင်ငံဟာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေတာ အားလုံးအသိပါပဲ။ မူးယစ်ဆေးဝါးရဲ့ အစကနဦးလို့ ဆိုရမယ့် ဘိန်းစိုက်ပျိုး ရောင်းဝယ်ခြင်း အမွေဆိုးဟာ ကိုလိုနီနယ်ချဲ့တွေထားရှိသွားတဲ့ အမွေဆိုးကြီးပဲ ဖြစ်တယ်။

ပြည်သူတွေ မျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား ချောမွေ့သွက်လက်ပြီး စနစ်တကျ လည်ပတ်နိုင်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေး ကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ တစ်နိုင်ငံလုံး အတိုင်း အတာနဲ့ ဆောင်ရွက်သင့်တာကြောင့် ပြည်ထောင်စု ဥပဒေ ပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားတာပဲ ဖြစ်ပါတယ်။

ကြီးကြီးမြ – ဒါကြောင့်မို့ ကိုလိုနီနယ်ချဲ့တွေပြဋ္ဌာန်းခဲ့တဲ့ ဘိန်းအက်ဥပဒေ၊ ယစ်မျိုးအက်ဥပဒေ၊ ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပါ ပြဋ္ဌာန်းချက်တွေဟာ ဘိန်းစိုက်ပျိုး ရောင်းဝယ်ဖောက်ကားမှုနဲ့စပ်လျဉ်းပြီး ထိထိရောက်ရောက် တားဆီးနိုင်မှုမရှိခဲ့တာ တွေ့ရတယ်။

ဘကြီးစိုး – အရင်းစစ်တော့ အမြစ်မြေက ဆိုသလိုပါပဲ။ ကိုလိုနီနယ်ချဲ့တွေထားရစ်ခဲ့တဲ့ ဘိန်းစိုက်ပျိုးရောင်းဝယ်ခြင်းအမွေဆိုးကို ၁၉၅၀ ကာလတစ်ဝိုက်မှာ မြန်မာနိုင်ငံကို ဝင်ရောက် ကျူးကျော်ခဲ့တဲ့ တရုတ်ဖြူကူမင်တန်တပ်တွေက ဆက်ပြီး သက်ဆိုးရှည်စေခဲ့တယ်။ ဒါတင်မကဘဲ SSA (တောင်ပိုင်း) ရှက်ဆစ်အဖွဲ့လို ဘိန်းစားပြ အကြမ်းဖက်သောင်းကျန်းသူတွေကလည်း မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ ကိုယ်ကျိုးရှာနေကြတယ်လေ။

ကြီးကြီးမြ – ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်အချို့ကို လေ့လာကြည့်ရင် နယ်ချဲ့နဲ့ နယ်ချဲ့လက်ပါးစေတွေ အစပျိုးသက်ဆိုးရှည်စေခဲ့တဲ့ ဘိန်းနဲ့မူးယစ်ဆေးဝါး အန္တရာယ်ကို တိုက်ဖျက်ချေမှုန်းမှု မပြုနိုင်ခဲ့ကြောင်း တွေ့ရတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ **ဘိန်း၊ သို့ရာတွင် ဘိန်းအပေါ်၌ကောက်ခံသော ယစ်မျိုးခွန်များမပါ** ဆိုပြီး ပြဋ္ဌာန်းထားတဲ့သဘောကတော့ ဘိန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုက ဥပဒေပြုနိုင်တယ်။ ဒါပေမယ့် ဘိန်းအပေါ်၌ကောက်ခံသော ယစ်မျိုးခွန်အတွက်တော့ ပြည်ထောင်စုက ဥပဒေမပြုနိုင်ဘူးဆိုတဲ့ သဘောပါပဲ။

စိုးမြကျော် – ဒါဆို အဲဒီဘိန်းအပေါ် ကောက်ခံသော ယစ်မျိုးခွန်အတွက် ဥပဒေပြုခွင့်ကို ဘယ်လိုခွဲဝေထားတာပါလဲဘကြီး။

ဘကြီးစိုး – ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ပြည်နယ်ဥပဒေပြုစာရင်းကိုကြည့်ရင် ပြည်နယ်အချို့မှာ ဘိန်းစိုက်ပျိုးရောင်းဝယ်မှု အမြစ်တွယ်ရှင်သန်လာခဲ့ရတဲ့ အကြောင်းရင်းအချို့ကို တွေ့ရလိမ့်မယ်။ အဲဒါကတော့ ပြည်နယ်ဥပဒေပြုစာရင်းရဲ့ စီးပွားရေးကိစ္စများ ခေါင်းစဉ်အောက်မှာ အခုလိုဖော်ပြထားခဲ့လို့ပဲ–

"ပြည်နယ်အတွင်းတွင် လုပ်ကိုင်သော၊ သို့တည်းမဟုတ် ထွက်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သော နိုင်ငံဖြစ်ပစ္စည်း အကောက်အခွန်များနှင့် ပြည်ထောင်စုနိုင်ငံအတွင်းရှိ အခြားဒေသများတွင်လုပ်ကိုင်သော၊ သို့တည်းမဟုတ် ထွက်သော အလားတူ ကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သည့် နှိုင်းညှိအကောက်အခွန်များ။
(က) သောက်သုံးသော သေရည်သေရက်၊
(ခ) ဘိန်း၊
(ဂ) ဆေးခြောက်၊ မူးယစ်ထုံထိုင်းစေတတ်သောဆေးများ၊ မမူးမယစ် မထုံမထိုင်းစေတတ်သောဆေးများ၊
(ဃ) အရက်ပြန်ပါသော၊ သို့တည်းမဟုတ် အထက်ပါ(ခ)နှင့်(ဂ)တွင် ဖော်ပြထားသော အရာဝတ္ထုများပါသည့် ဆေးများနှင့် လှသန့်ကုန်များ"

ကြီးကြီးမြ – ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အဲဒီလို ဟာကွက်ပျော့ကွက် အားနည်းချက်တွေကြောင့် နယ်ချဲ့နဲ့ နယ်ချဲ့လက်ပါးစေတွေ မြန်မာနိုင်ငံမှာ ထားရစ်ခဲ့တဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို ယနေ့ထက်တိုင် သားစဉ်မြေးဆက် တိုက်ဖျက်နေရတာပေါ့ကွယ်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော ကွန်ဗင်းရှင်း(1961 Single Convention on Narcotic Drugs)ကို လက်ခံပါဝင်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ဖို့ရည်ရွယ်ချက်နဲ့ ၁၉၇၄ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေနဲ့အညီ မိမိနိုင်ငံအနေနဲ့လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မူးယစ်ဆေးဝါး အန္တရာယ်ကို တိုက်ဖျက်နှိမ်နင်းနေတယ် မဟုတ်လားဘကြီး။

ဘကြီးစိုး – အဲဒီလိုမြန်မာနိုင်ငံက မူးယစ်ဆေးဝါးနှိမ်နင်းရေးကို တစိုက်မတ်မတ် အားသွန်ခွန်စိုက်ဆောင်ရွက်နေစဉ်မှာပဲ ကမ္ဘာ့နိုင်ငံအများအပြားမှာ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေရဲ့ အန္တရာယ်ဟာ တစ်နေ့တခြားကြီးထွားလာပြီး လူသားမျိုးနွယ်တွေကို အန္တရာယ်ပြုလာခဲ့တယ်။ ဒါကြောင့် ကုလသမဂ္ဂက ၁၉၈၈ ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်တဲ့ ကွန်ဗင်းရှင်း တစ်ရပ် ပြဋ္ဌာန်းခဲ့တယ်။ အဲဒီကွန်ဗင်းရှင်းအရ ၁၉၉၃ ခုနှစ်မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို တစိုက်မတ်မတ်နဲ့ အားသွန်ဆောင်ရွက်ခဲ့တာ မှတ်တမ်းမှတ်ရာတွေ အထင်အရှားရှိနေတယ်လေ။

ကြီးကြီးမြ – အဲဒီလိုဆောင်ရွက်ခဲ့လို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းလုံးဝ မစိုက်ပျိုးသည့်နယ်မြေ(Opium Free Zone) အဖြစ် ကမ္ဘာသိ သတ်မှတ်ကြေညာနိုင်ခဲ့တယ်။ တခြားဒေသတွေကိုလည်း အဲဒီလိုသတ်မှတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်။ တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်းကို ၁၉၉၉–၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၃–၂၀၁၄ ခုနှစ်အထိ ကာလသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိတယ်။

စိုးမြကျော် – မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ဟာ တစ်မျိုးသားလုံးရဲ့ အန္တရာယ်ဖြစ်တာကြောင့် အမျိုးသားရေးတာဝန်အဖြစ် စဉ်ဆက်မပြတ် တိုက်ဖျက်နေသလို အနာဂတ်ကာလတွေမှာ အမြစ်ဖြတ်ချေမှုန်းသုတ်သင်နိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားတာဟာ သင့်မြတ်မှန်ကန်လှပါတယ်ခင်ဗျာ။ ။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန်ဖြည့်ဆည်း ဌာန၏ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက် တာဝန်ကို စေတနာထားဆောင်ရွက်ပါက စေတနာအကျိုးခံစားရမည်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ၂၀၀၆ခုနှစ် နှစ်သစ်တွင် ကျင်းပသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားသည်မင်္ဂလာရှိပြီး လာမည့် တစ်နှစ်တာကာလ၏ လုပ်ငန်းတာဝန်များကို မင်္ဂလာရှိရှိဖြင့် အောင်မြင်မှု ရရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တိုးတက်အောင်မြင်

ဌာနများ၏ နှစ်ပတ်လည်အခမ်းအနားများကို ကျင်းပသည့် ရည်ရွယ်ချက်နှစ်ရပ်နှင့်အညီ ပြီးခဲ့သည့်နှစ်တွင် မိမိဌာနအတွက် သတ်မှတ်ပေးထားသည့် ရည်မှန်းချက် တာဝန်များကမည်သည့်အရာများ အောင်မြင်ခဲ့ပြီး၊ မည်သည့်လုပ်ငန်းတွင် အားနည်းနေသေးသည်ကိုသုံးသပ်၍ အားသာချက်၊ အားနည်းချက်များ ရှာဖွေကာ လာမည့်နှစ်တွင် တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ဤအခမ်းအနားတွင် လုပ်ငန်းတာဝန်ထမ်းဆောင်မှု ခရိုင်၊ မြို့နယ်ရုံးများ၊ ကြိုးစားမှုရှိသူဝန်ထမ်းများ၊ သင်တန်းထူးချွန်ဝန်ထမ်းများနှင့် ပညာရည်ထူးချွန်သော သားသမီးများအား ဂုဏ်ပြုဆုများ ဆုချီးမြှင့်မည် ဖြစ်ကြောင်း၊ ဆုမရရှိသေးသော ဝန်ထမ်းများအနေဖြင့်လည်း နောင်နှစ်များ၌ ယခုကဲ့သို့ဆုများရရှိအောင် လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ရန် မှာကြားလိုကြောင်း။

ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ

ဝန်ထမ်းများအနေဖြင့် ယနေ့အချိန်ကာလသည် တာဝန်ကျေလျှင်ပြီးရောဆိုသည့် စိတ်ဓာတ်ထားရမည့်အချိန်မဟုတ်ကြောင်း၊ ဆုပေး၊ ဒဏ်ပေးစနစ်အရ ကောင်းသောယှဉ်ပြိုင်မှုများဖြင့် စိတ်ကောင်း စေတနာထားကာလုပ်ငန်းတိုးတက်မှုကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှဖြင့် ဆောင်ရွက်ကြရမည့်အချိန်ဖြစ်ကြောင်း၊ တာဝန်ရှိသူဌာန အကြီးအကဲများကလည်း မိမိတို့၏လက်အောက်ရှိ ရုံးဌာနများ၊ ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို အမြဲကြပ်မတ် စစ်ဆေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများကိုယ်တိုင်ကလည်း အလုပ်တာဝန်ကို စေတနာထားဆောင်ရွက်လျှင်စေတနာအကျိုးကို ခံစားကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းတာဝန်ကြိုးစား ထမ်းဆောင်သူ၊ အသိအမှတ်ပြုသင့်သူများကိုဆုပေး၊ဒဏ်ပေးစနစ်အရ ထိုက်သင့်သည့် အခွင့်အရေးများ စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် ၂၀၀၅ခုနှစ်တွင် လုပ်ငန်းတာဝန်(၉)ရပ် သတ်မှတ်ပေးခဲ့ရာ အားလုံးအပေါ် ခြုံကြည့်ပါက ယခင်နှစ်များကထက် ပိုမိုအောင်မြင်တိုးတက် ဆောင်ရွက်နိုင်သည်ကို သုံးသပ်တွေ့ရှိရကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့အထိ ကျေးရွာစာကြည့်တိုက်ပေါင်း ၄၈၆၆၇ခု ဖွင့်လှစ်ပြီးဖြစ်၍ အောင်မြင်မှု ရှိပါကြောင်း၊ သို့သော်လည်း အချို့အားနည်းချက်များရှိသည်ကို တွေ့ရကြောင်း၊ ပေးအပ်သည့် တာဝန်ကို ကြိုးစားပြီးဆောင်ရွက်သည့် ခရိုင်၊ မြို့နယ်ရုံးများရှိသကဲ့သို့ အချို့ရုံးများအနေဖြင့် အားနည်းနေသေးကြောင်း၊ ယခုနှစ်တွင် တွေ့ရှိရသည့် အားသာချက်များကို ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သွားကြပြီး အားနည်းချက်များ လျော့နည်းပပျောက်အောင် ဝန်ထမ်းအားလုံးကတက်ညီလက်ညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရုံးချုပ်၊ ခရိုင်၊ မြို့နယ်ရုံးများနှင့် ဝန်ထမ်းတစ်ဦးချင်းတွင် လုပ်နိုင်သည့်အားကို အကုန်မသုံးကြသေးဘဲ ကျန်နေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းတစ်ဦးချင်း၏ လုပ်အားကို အပြည့်အဝသုံးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် စာပေ၊ အားကစား၊ အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် သင်တန်းထူးချွန်ဆု ရရှိသူများကိုယ်စား အုတ်ဖိုမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ညွန့်ညွန့်စိန်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်ကြီးအကဲနှင့် တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ အခြေအနေကို အမြဲဂရုပြုစဉ်းစားပြီး ဆောင်ရွက် ပေးသင့်သည်များကို စေတနာထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤသည်ကို တုံ့ပြန်သောအားဖြင့် မိမိတို့၏ ဝန်ထမ်းများက တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက် Media နည်းဖြင့်အစွမ်းကိုဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

ဗဟုသုတဖွံ့ဖြိုးတိုးတက်

ယနေ့ နိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်နှင့်ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတစ်ရပ်လုံး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးစသည့် အချက်များသည် အဓိကကျကြောင်း။

ယနေ့အချိန်အခါတွင် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်း အချို့သည် လက်နက်များကို လုံးဝစွန့်လွှတ်ကြပြီဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးသည် တိုးတက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော် အနေဖြင့် ဘက်စုံထောင့်စုံက အစွမ်းကုန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း ပြည်ပ နိုင်ငံကြီးတချို့က ၎င်းတို့ပြောသည့်အတိုင်း မလုပ်၊ ၎င်းတို့ သြဇာမခံသဖြင့် မိမိတို့ နိုင်ငံအပေါ် ဘက်ပေါင်းစုံက နှောင့်ယှက် တားဆီးပိတ်ပင်မှုပြုလုပ်နေကြောင်း ထို့အတူ ပြည်ပလက်ဝေခံ ပြည်တွင်းရှိ သစ္စာဖောက် ပုဆိန်ရိုးတချို့ကလည်း သူခိုးကို ဓားရိုးကမ်းပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကို နှောင့်ယှက် တားဆီးပိတ်ပင်မှုများပြုလုပ်ကြကြောင်း။

ဦးစားပေးဆောင်ရွက်

ထို့ကြောင့်နိုင်ငံတော် အနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့နေရကြောင်း၊ နောက်ဆုံးတွင် ၎င်းတို့ နှောင့်ယှက်တားဆီးပိတ်ပင်မှုများကြောင့် ပြည်သူလူထုပင် နစ်နာရကြောင်း၊ ယင်းတို့ကို ပြည်သူလူထုများအမှန်အတိုင်း သိရှိနိုင်ရေး၊ မိမိတို့၏ ဝန်ထမ်းများက Media နည်းဖြင့် ဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်က ဦးစားပေးဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဝင်ငွေနှင့် သုံးငွေမျှတရေး၊ စက်မှုနိုင်ငံထူထောင်ရေး၊ စွမ်းအင်တိုးတက်ထုတ်ရေးနှင့် စွမ်းအင်အစားထိုး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ခြိုးခြံချွေတာရေးစသည်တို့နှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတို့တွင် မိမိတို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ရည်မှန်းချက်လုပ်ငန်းတာဝန်များမှာ (၁) နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပရေးနှင့် နိုင်ငံတော်ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးကို Media နည်းဖြင့် ဆောင်ရွက်ပေးရန်၊ (၂)နယ်စပ်ဒေသကျေးရွာများပါမကျန် Media Cover ပေးရန်၊ (၃) မိမိတို့ Media သည် ပြည်တွင်းသာမက ပြည်ပကိုပါထိုးဖောက်ဆောင်ရွက်ရန်၊ (၄) သွက်လက်ထက်မြက်၍ အရည်အသွေး ပြည့်ဝသော Mediaဖြစ်ရန်၊ (၅) နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်၊ (၆) ဝင်ငွေတိုးတက်ရှာဖွေရန်နှင့် (၇) ခြိုးခြံချွေတာရန်တို့ ဖြစ်ကြောင်း။

ရည်မှန်းချက်တာဝန်များအောင်မြင်ရေး

မိမိတို့ဌာန အကြီးအကဲများနှင့် ဝန်ထမ်းများသည် ရည်ရွယ်ချက်များနှင့် ချိန်ထိုးပြီး လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အတူပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် ၂၀၀၆–၂၀၀၇ခုနှစ် ရည်မှန်းချက်တာဝန် (၈)ရပ်ကို ချမှတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ယင်းရည်မှန်းချက် တာဝန်များမှာ (၁)နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်နိုင်ငံတော်၏ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ပေးရန်၊ (၂) ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ (၃) ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဖြန့်ဝေမှုစနစ် တိုးတက်အောင်ဆောင်ရွက်ရန်၊ (၄) ကျေးရွာတိုင်း သတင်းစာတစ်စောင်နှင့် အနည်းဆုံးဂျာနယ်၊ မဂ္ဂဇင်း တစ်စောင်စီ ရောက်ရှိရေး ဆောင်ရွက်ရန်၊ (၅) ကျေးရွာတိုင်း ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးရှိရေး စည်းရုံးဆောင်ရွက်ရန်၊ (၆) အိမ်ထောင်စုတိုင်း ရေဒီယိုတစ်လုံးရှိရေး စည်းရုံးဆောင်ရွက်ရန်၊ (၇) ခရိုင်နှင့် မြို့နယ်ရုံးများမှ တာဝန်ရှိသူများသည် ကျေးရွာတိုင်းကို အနည်းဆုံးတစ်နှစ်တစ်ကြိမ် ရောက်ရှိအောင်သွားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် (၈) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများသည် သွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားရန် စသည်တို့ဖြစ်ကြောင်း။

ဖြည့်ဆည်းပံ့ပိုး

ယင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရုံးချုပ်နှင့် ပြည်နယ်နှင့်တိုင်းရုံးများ၊ ခရိုင်ရုံးများအနေဖြင့် စီမံညွှန်ကြားမှုများပေးပြီး စီမံချက်အတိုင်း လုပ် မလုပ်ကို ကြပ်မတ်စစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးမှသာ အောင်မြင်မည်ကိုသတိထားဆောင်ရွက်ရန်လိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာနက ချမှတ်ထားသည့် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် အချက်၁၄ချက်ပါ အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်း

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်တတိယဆင့်ရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ခိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဧည့်သည်တော်များ ရခိုင်ချောင်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

✻ ကျော့ဖုံးမှ

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အမှတ်(၂)စစ်ဒေသမှူး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊တံတားတည်ဆောက်မှု စီမံကိန်း တာဝန်ခံ အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြောကြားတွင် တွံတေးမြို့နယ် ရခိုင်ချောင်တံတားသည် တပ်မတော်အစိုးရလက်ထက် ရန်ကုန်တိုင်းအတွင်း ၂၅ စင်းမြောက် ဖွင့်လှစ်သည့် ပေ ၁၈၀ အထက် တံတားကြီးဖြစ်ကြောင်း၊ ရန်ကုန်မြို့မှ ကွမ်းခြံကုန်းနှင့် လက်ခုပ်ကုန်းသို့ ဆက်သွယ်ထားသည့် လမ်းမကြီးနှစ်ခုပေါ်ရှိ သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများဖြင့် အစားထိုးတည်ဆောက်ပေးလျက်ရှိကြောင်း၊ ရခိုင်ချောင်တံတား တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒလမြို့နယ်မှ တစ်ဆင့် သခွတ်၊ ဝါးဘလောက်သောက်ကျေးရွာများကိုဖြတ်၍ကော့မှူးမြို့နယ်သို့လည်းကောင်း၊ ဒလမြို့နယ်မှ ရခိုင်ချောင်တံတား၊ သခွတ်တံတားတို့ကိုဖြတ်၍ သခွတ်၊ ဝါးဘလောက်သောက်၊ ဘို့ဒင်နှင့် တော်ကူးကျေးရွာများမှတစ်ဆင့် ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဒလ–သခွတ်–လက်ခုပ်ကုန်းနှင့် ဒလ–ကံဘဲ့– ကော့မှူး–ကွမ်းခြံကုန်း–ဒေးဒရဲလမ်းများကို ပတ်လည် ဆက်သွယ်နိုင်ပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက် မြန်ဆန်စွာဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပြီး ဒေသ၏ ကုန်စည်စီးဆင်းမှုမှာလည်း ပိုမိုလျင်မြန် သွက်လက်လာတော့မှာဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူတို့၏လူနေမှုဘဝမှာလည်း ပိုမိုမြင့်မားလာတော့မှာဖြစ်ကြောင်း၊ နိုင်ငံတော်ကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကိုလည်း ပိုမိုအောင်မြင်စေမှာဖြစ်ကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းအသုံးပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်၊

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စားတွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြသောင်းက တံတားတည်ဆောက်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တံတားဖွင့်ပွဲ အခမ်းအနားကို အဆိုပါတံတားထိပ် မုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက ရခိုင်ချောင်တံတား ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် တံတားကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ရခိုင်ချောင်တံတားသည် အရှည်ပေ ၂၅၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေစီ၊ စုစုပေါင်း အကျယ်ပေ ၃၀၊ ရေလမ်း ကင်းလွတ်အမြင့် ၁၀ပေ၊ အကျယ်ပေ ၅၀ ရှိသည်။ မော်တော်ယာဉ် (HS 20-44) ၃၆ တန်နှင့် နှစ်လမ်းသွား၊ ယာဉ်တစ်စီးချင်း တန် ၆၀ ခံနိုင်ဝန်ရှိသည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ရခိုင်ချောင်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၃)က ၂၀၀၄ ခုနှစ် မတ် ၁ ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စီမံကိန်းအားလုံးပြီးစီးခဲ့သည်။

၁၉၈၈ ခုနှစ် မတိုင်မီက ရန်ကုန်တိုင်းအတွင်း ပေ ၁၈၀ အထက်တံတားကြီး ခုနစ်စင်းသာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့အထိ ပေ ၁၈၀ အထက် တံတားကြီး ၂၅စင်း တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဝါးဘလောက်သောက် တိုက်နယ် သံဃာ ဆေးကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို တိုက်နယ်ဆေးရုံဝင်း အတွင်းရှိ သံဃာဆေးကုသဆောင်ရှေ့၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အလှူရှင် ဒေါ်တင်အေးတို့က ဆေးကုသဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဆေးကုသဆောင် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဆေးကုသဆောင် အလှူရှင် ဒေါ်တင်အေးက သံဃာဆေးကုသဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးကုသဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ သံဃာဆေးကုသဆောင် ဆေးပဒေသာပင်အတွက် ဒေါ်တင်အေး မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးထွန်းရီ၊ ဒေါ်စိန်နုမိသားစုနှင့် ဦးကျင်တင်–ဒေါ်စန်းမြင့်မိသားစုတို့က ငွေကျပ် ငါးသောင်းစီ အပါအဝင် အလှူရှင်များက ငွေကျပ် ၃၅၉၇၂၀၀ ကို တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်းထံ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် သံဃာဆေးကုသဆောင် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ဝါးဘလောက်သောက် တိုက်နယ် (၁၆)ခုတင်ဆံ့ ဆေးရုံရှိ လူနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းသည့် ငွေကျပ် တစ်သိန်းကို တိုက်နယ် ဆရာဝန် ဒေါက်တာမော်မော်အောင်ထံ ပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည်ဝါးဘလောက်သောက်ကျေးရွာ သာသနာ့ပဋ္ဌောတာရုံ ခါတော်မီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပါရဝဥဘာအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် ထမ္ဘနိုင်ကျေးရွာ ရွှေကျောင်းတိုက်သို့ ရောက်ရှိပြီး ကော့မှူး တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဣဿရိယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် အဆိုပါကျောင်းတိုက်ဝင်းအတွင်း၌ ထမ္ဘနိုင်ကျေးရွာမှ ရပ်မိရပ်ဖများနှင့် ပြည်သူများအား တွေ့ဆုံသည်၊

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်ချမှတ်ကာ ကျေးလက်နေ ပြည်သူတို့၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ထမ္ဘနိုင်ကျေးရွာဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အပါအဝင် လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ထမ္ဘနိုင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထမ္ဘနိုင်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျေးရွာ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ထမ္ဘနိုင်ကျေးရွာရှိ ရွှေမြင်တင် စေတီတော်သို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကာ စေတီတော်ဝင်းအတွင်း လှည့်လည်ကြည်ညိုသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ထမ္ဘနိုင်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူ မျိုးကိုင်း ၂၀၀ စုဆောင်း ပျိုးထောင်ထားရှိမှုနှင့် ကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာပေး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးရှိ ပဲစံပြစိုက်ခင်း ဧက ၂၀၀ အတွင်း ပဲတီစိမ်းဧက ၁၀၀ နှင့် မတ်ပဲဧက ၅၀ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ အရွက်ဖျန်းမြေဩဇာအရည်နှင့် ပိုးသတ်ဆေးများ ပြသထားမှုတို့ကို ကြည့်ရှုပြီး စိုက်ဧကတိုးချဲ့ရန်နှင့် စိုက်ပြီးဧက တိုင်းအထွက်နှုန်းကောင်းအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသုံးခွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

သတင်းဆောင်းပါးဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၄)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကုန်သွယ်မှုတန်ဖိုး ငါးဘီလီယံရောက်ရှိရန် ကုန်ကြမ်းများကို တန်ဖိုးမြှင့်ပစ္စည်းများပြုလုပ်၍ ပြည်ပတင်ပို့ရန်လိုအပ်၊ တောင်ယာပဲ လုပ်စားချင်တယ် စစ်မတိုက်ချင်ဘူးဟု SSA တောင်ပိုင်း တပ်မဟာ(၂၄၁)မှ ကလေးစစ်သား စိုးနိုင်ကပြော၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန် ဖေဖော်ဝါရီ မတိုင်မီဖွင့်မည်၊ ပြည်ပတွင် အလုပ်လုပ်နေကြသော မြန်မာများထံ နေ့စဉ်ထုတ် စာနယ်ဇင်းများ အခမဲ့ပေးပို့ခြင်း ဝန်ဆောင်မှုပေး၊ Readers' Debate ကဏ္ဍမှ မြန်မာစကားကို အင်္ဂလိပ်စာလုံးနဲ့ အသံဖလှယ်ပြီးရေးတာ ကောင်းတယ်၊ မကောင်းဘူးစသည့် ပြည်တွင်းရေးရာသတင်းများ၊ ဆောင်းပါးများ စုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

အာရှငွေကြေးစနစ်တစ်ခု မကြာမီပေါ်ပေါက်လာဖွယ်ရှိ၊ လေကြောင်းတိုက်ခိုက်မှုအတွက် အမေရိကန်က ဝန်ချတောင်းပန်ရမည်ဟု ပါကစ္စတန် အာဏာရပါတီက တောင်းဆို၊ ကမ္ဘာဦးလူသားများ ငှက်ကြီးတို့၏သားကောင် ဖြစ်နေခဲ့သလား၊ ဘုရားသခင်က အမေရိကန်ကိုစိတ်ဆိုးနေသည်ဟု နယူးအော်လင်းစ်မြို့တော်ဝန် ပြောဆိုစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media Group ဖုန်း–၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန် ပညာရေးတက္ကသိုလ် ကောဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၈ ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျေးဇူးရှင် မြတ်ဆရာများနှင့် ကျောင်းနေဖက် ငယ်ပေါင်းမိတ်ဆွေများ တက်ရောက်ကြရန် ကြိုတင်ဖိတ်ကြားထားသည်။

မြတ်ဆရာ ပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုသူများသည် ဒေါ်ထူးထူးအောင် ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း–၅၀၄၇၇၂၊ ဒေါ်စုစုလှိုင် ညွှန်ကြားရေးမှူး (ဆရာအတတ်သင်) ဖုန်း–၅၅၇၅၁၉၊ ဦးဝင်းကို ညွှန်ကြားရေးမှူး (ပညာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း–၅၀၃၁၄၇၊ ဦးအုန်းမြင့် ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း–၀၉–၈၀–၂၄၁၉၄၊ ဦးအေးကြိုင် ရခိုင်ပြည်နယ်ပညာရေးမှူး ဖုန်း–၀၄၃–၂၃၃၈၄၊ ဦးအောင်သွင် ဦးစီးအရာရှိ ဦးစီး(၁) ဖုန်း–၅၄၈၈၂၇၊ Ex.၁၀၁၊ ဦးလှဝင်းအောင် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း–၀၂–၃၉၂၂၈၊ ဦးစောဝင်း လ/ထ ညွှန်ကြားရေးမှူး ဦးစီး(၂)၊ ဦးတင်လှိုင် ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း–၂၁၂၉၆၉၊ ဦးသက်နိုင် ဦးစီးအရာရှိ ဦးစီး(၃)၊ ဦးကြည်သန်း ဦးစီးအရာရှိ ဦးစီး (၃)၊ ဒေါ်ကြူကြူရွှေ မြို့နယ်ပညာရေးမှူး ဗဟန်း ဖုန်း–၅၅၇၄၅၁၊ ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂) တာမွေ ဖုန်း–၅၄၂၁၇ နှင့် ဦးရှိန်းလိန်းအောင် ကျောင်းအုပ်ကြီး အထက(၁)မရမ်းကုန်း ဖုန်း–၆၆၀၅၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ရွှေပြားအလှူတော်နှင့် တရားပွဲဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း အလုံမြို့နယ် ဆင်မင်းဈေး အငှားယာဉ်မောင်းများနှင့် စေတနာရှင်များစုပေါင်း၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားကပ်လှူပူဇော်ပွဲနှင့် ဓမ္မပူဇာပွဲအဖြစ် ဇန်နဝါရီ၂၆ ရက်တွင် သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၂၇ ရက်၌ အရှင်ဝံသပါလာလင်္ကာရ (မြင်းမူဆရာတော်)နှင့် ၂၈ ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ) ဆရာတော်များက ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်ရာ အလုံမြို့နယ် ဆင်မင်းလမ်းသို့ တရားတော်နာ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

❒ **ကျောဖုံးမှ**

ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၀၀၀ ကျော် တက်ရောက်ကြသည်။

ကျေနပ်အားရပီတိဖြစ်

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာ၌ ရေအလွန်လိုအပ်သည့် အညာဒေသ၌ ရေထိန်းတမံတစ်ခုထပ်မံပေါ်ပေါက်လာသည့်အတွက် စိုက်ပျိုးရေးသာမက ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည့် အခြေခံကောင်းတစ်ခုကို နိုင်ငံတော်က အမွေပေးသည့် နေ့တစ်နေ့အဖြစ် ဒေသခံပြည်သူများနှင့်ထပ်တူထပ်မျှ ကျေနပ်အားရပီတိဖြစ်ရပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ယာကြီးရေထိန်းတမံသည် နိုင်ငံတော်ကအကောင်အထည်ဖော်တည်ဆောက်ပေးသည့် ၁၈၂ ခုမြောက်တမံဖြစ်ကြောင်း။

ပိုမိုတိုးတက်လာ

နိုင်ငံတော်အစိုးရအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး မိုးနည်းရပ်ဝန်းတစ်ခုဖြစ်သည့် ဒေသများ၌ ဆည်၊ ကန်၊ တမံများဖြင့် အစဉ်စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူတို့အတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ဆောင်သွားနိုင်ရေးနှင့် ဒေသအတွင်း သောက်သုံးရေဖူလုံစွာ ရရှိရေးတို့ကိုရှေးရှုပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေအကုန်အကျများစွာဖြင့် လမ်းညွှန်ဆောင်ရွက်ပေးမှုများကြောင့် သီးနှံစိုက်ဧရိယာများတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာခဲ့ကြောင်း၊ ယခုအချိန်တွင် မန္တလေးတိုင်းအတွင်း၌ မြေဧရိယာ စုစုပေါင်းဧက ၈၇၅၀၀၀ ခန့်ကို ဆည်ရေဖြင့် အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း။

အမှာစကား ပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး မန္တလေး တိုင်း ကျောက်ပန်းတောင်းမြို့နယ် ယာကြီး ရေထိန်းတမံ ဖွင့်ပွဲ အခမ်း အနား တွင် အမှာစကား ပြောကြားစဉ်။

(လယ်ယာ/ဆည်မြောင်း)

မန္တလေးတိုင်းအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေတိုးပွားမှုကို အထောက်အကူပြုမည့် စပါးပိုမိုထွက်ရှိရေးအတွက် ၂၀၀၄-၂၀၀၅ခုနှစ်မှစပြီး သုံးနှစ်အတွင်း မိုးစပါးကို ဧက ၁၀သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ယာကြီးရေထိန်းတမံ အပါအဝင် ကြက်မောက်တောင်ဆည်ရေကူပေးရေးစီမံကိန်းမှ ကြက်မောက်တောင်ဆည်ကို ရေကူဖြည့်တင်းပေးမှာဖြစ်သည့်အတွက် မူလကမိုးစပါးဧက ၅၈၀၀ ခန့်စိုက်ပျိုးနိုင်ရာမှ ဧက ၂၂၀၀၀ခန့်အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားနိုင်ခဲ့ကြောင်း။

တိုးချဲ့စိုက်ပျိုး

ယခုကဲ့သို့ ရေလှောင်တမံများ၊ ရေထိန်းတမံများ၊ ရေကူကန်များနှင့် ရေလွှဲဆည်များကို နယ်မြေဒေသ၏ ပကတိအခြေအနေနှင့်အညီ နိုင်ငံတော်ကစစ်မှန်သည့် စေတနာဖြင့်ဆောင်ရွက်ပေးမှုများကြောင့် အခြေခံဖြစ်သည့် စားဝတ်နေရေးသာမက လူမှုဘဝကိုပါ တိုးတက်ပြောင်းလဲမှုများရရှိလာကြောင်း။

နိုင်ငံတော်၏ စေတနာနှင့်ဆောင်ရွက်ပေးမှုများကို နားလည်သဘောပေါက် တုံ့ပြန်သောအားဖြင့် မိမိပတ်ဝန်းကျင်မှာရှိနေသည့် ရေလှောင်/ရေထိန်းတမံများ၊ ရေလွှဲဆည်များ၊ ရေသွယ်/ရေပေးမြောင်းများနှင့် ဆက်စပ်ရေအား အဆောက်အအုံများကို အရှည်တည်တံ့ခိုင်မြဲနေအောင် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ဆည်ရေကို စနစ်တကျရယူပြီး ရေမြေသဘာဝနှင့် ကိုက်ညီသည့် သီးနှံများကိုတိုးချဲ့စိုက်ပျိုးကြရန်၊ ရေဝေရေလဲဧရိယာအတွင်းရှိ သစ်ပင်သစ်တောများကို ကာကွယ်စောင့်ရှောက်ကြရန်၊ ဆည်မြောင်းလုပ်ငန်းဆိုင်ရာ သတ်မှတ်ထားသည့်တာတမံနှင့် တူးမြောင်းဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အထောက်အကူပြု

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ယာကြီးရေထိန်းတမံသည် ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်းအတွက် တည်ဆောက်ပေးခဲ့သည့် ရေထိန်းတမံအစုအဖွဲ့ ငါးခုထဲက အဓိကကျသည့် ရေထိန်းတမံတစ်ခုဖြစ်ကြောင်း၊ ၁၃ဒသမ၅မိုင်ရှည်သည့် တောင်ရေ၊ ကျောက်တံခါး ဆက်သွယ်ရေးတူးမြောင်းနှင့် ကျန်ရေထိန်းတမံများဖြစ်သည့် ပန်းဆွဲ၊ညောင်ငုတ်တို၊ ဦးကဝိ၊ ဘဲကန်ရေထိန်းတမံများနှင့်အတူ ဒေသခံတောင်သူလယ်သမားကြီးများနှင့် နယ်မြေလူထု၏ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်မားတိုးတက်လာစေရန် အထောက်အကူပြုနေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့်ထပ်တူ ဝမ်းသာပီတိဖြစ်မိပါကြောင်း။

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးသည်လည်း အဓိကကျသည့်အချက် ဖြစ်ကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံးအနေဖြင့် ဆည်၊ တမံလုပ်ငန်းပေါင်း၁၈၂ခု တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အကျိုးပြုဧက၂ဒသမ၄၅သန်း တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ သီးနှံများ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ယာကြီးရေထိန်းတမံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

ရေသွင်းစိုက်ပျိုးနိုင်မှု ပမာဏသည် တစ်နိုင်ငံလုံး၌ သီးနှံအသားတင်စိုက်ဧရိယာ ဧက၂၈သန်းကျော်၏ ၁၉ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍတွင် အဓိကကျသည့်သီးနှံ၁၀မျိုးကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေး၊ အမယ်သစ်သီးနှံများဖြစ်သည့် ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်၊ ကြက်သွန်၊ ချင်း(ဂျင်း)သီးနှံများ စိုက်ပျိုးပြီး ပြည်ပတင်ပို့ရောင်းချနိုင်ရေးကိုလည်း အားပေးဆောင်ရွက်နေကြောင်း၊ ကမ္ဘာတွင် ရေပန်းစားနေသည့် ဇီဝဒီဇယ်ထုတ်လုပ်နိုင်သော ခြံစည်းရိုးကြက်ဆူသည် မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ မြေကောင်း၊ မြေညံ့မရွေးပေါက်ရောက်နိုင်သည့် သဘာဝကပေးသော သီးနှံဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကရသည့် အသီးများကို တောင်သူများကိုယ်တိုင် အလွယ်တကူဆီကြိတ်နိုင်ပြီး ဒီဇယ်အင်ဂျင်ထဲတွင် တိုက်ရိုက်ထည့်သွင်းမောင်းနှင်နိုင်သည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကို အားပေးဆောင်ရွက်လျက်ရှိနေကြောင်း။

တောင်သူများအနေဖြင့် မိမိတို့ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရရှိသည့် ကြက်ဆူဆီဖြင့် လယ်ယာသုံး စက်ကိရိယာများကို မောင်းနှင်နိုင်ပြီး စက်မှုစွမ်းအားဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေမှာဖြစ်ကြောင်း၊ ထို့အပြင် ရေစုပ်စက်၊ မီးစက်စသည့် စက်များ၌ ထည့်သွင်းသုံးစွဲနိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်သလို လူနေမှုအဆင့်များကိုလည်း တိုးတက်စေမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးဇော်ဝင်းမောင်က ယာကြီးရေထိန်းတမံအပါအဝင် ကြက်မောက်တောင်ဆည်ရေကူပေးရေးစီမံကိန်းကို တည်ဆောက်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ပန်းတောင်းမြို့ အမှတ်(၁)နှင့်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူကလေးများ၏ ပြည်မြန်မာသီချင်းနှင့် အကတို့ဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ယာကြီးရေထိန်းတမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြ၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ယာကြီးရေထိန်းတမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မော်ကွန်းကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ယာကြီးရေထိန်းတမံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပင်မရေထိန်းတမံနှင့်ရေသိုလှောင်ရရှိမှုတို့ကိုလည်းကောင်း၊ ရေပေး ရေတံခါးနှင့်ရေပိုလွှဲတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသည့် ပြည်သူလူထုအား ရင်းနှီးစွာနှုတ်ဆက်၍ ဘိုင်အိုဒီဇယ်ထုတ်ယူနိုင်သော ခြံစည်းရိုးကြက်ဆူရိုင်းပင်များစိုက်ပျိုးရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့အား ကြက်မောက်တောင်ဆည်ရေကူစီမံကိန်း၏ ကျောက်တံခါး ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ကျောက်တံခါးနှင့်တောင်ရေ ရေလှောင်တမံနှစ်ခုကြား ၁၃ဒသမ၂၅မိုင်ရှည်သည့် ဆက်သွယ်ရေး တူးမြောင်းပေါ်တွင် ရေထိန်းတမံငါးခုတည်ဆောက်၍ ၂၀၀၅ ခုနှစ် အောက်တိုဘာ၁ရက်တွင် စတင်၍ ယခုအထိ ရေဧကပေ၁၃၉၀၀ကျော်ဖြည့်ပေးနိုင်မှုကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆည်ရေစနစ်တကျအသုံးပြုရေး၊ ဒေသဆည်ငယ်၊ ကန်ငယ်များထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားသည်။

အဓိကအကျဆုံးရေထိန်းတမံ

ယာကြီးရေထိန်းတမံသည် ကြက်မောက်တောင်ဆည်ရေကူပေးနိုင်ရန် ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံတို့ကို ဆက်သွယ်ထားသည့် တူးမြောင်းပေါ်၌ရှိသော ရေထိန်းတမံတစ်ခု ဖြစ်သည်။ ကျောက်ပန်းတောင်းမြို့နယ် ကူနီကျေးရွာအနီး၌ ရေဆင်းဧရိယာ၅ဒသမ၃စတုရန်းမိုင်ရှိသည့် ယာကြီးချောင်းပေါ်တွင်တည်ရှိသည်။ ရေထိန်းတမံသည် မြေသားတမံ အမျိုးအစားဖြစ်ကာ တမံအလျားပေ၂၂၈၀၊ တမံအမြင့်၆၉ပေရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ၄၄၀၀ရှိပြီး ၈၅၃ဧကကို ဆည်ရေပေးနိုင်မည်ဖြစ်သည်။

ဆက်သွယ်မြောင်းပေါ်၌ ရေထိန်းတမံ ငါးခုရှိရာ တမံအမှတ်(၁)ယာကြီးတမံ၊ တမံအမှတ်(၂)ပန်းဆွဲတမံ၊ တမံအမှတ်(၃)ညောင်ငုတ်တိုတမံ၊ တမံအမှတ်(၄)ဦးကဝိတမံ၊ တမံအမှတ်(၅)ဘဲကန်တမံတို့အနက် တမံ(၁)ယာကြီးတမံမှာ ထုထည်ပမာဏအကြီးဆုံးနှင့် အဓိကအကျဆုံးရေထိန်းတမံဖြစ်သည်။

ကြက်မောက်တောင်ဆည်၏ ရေဝင်မှုအခြေအနေအရ သတ်မှတ်ရေပြည့်ရေလှောင်ပမာဏဧကပေ ၇၃၀၀၀ပြည့်မီမှုမရှိဘဲ နှစ်စဉ်ပျမ်းမျှ ဧကပေ၃၆၉၀၀ ခန့်သာ သိုလှောင်နိုင်ခဲ့၍ ရေပိုမိုစီးဝင်ရန် ဆည်မြောင်းဦးစီးဌာနမှ မကွေးတိုင်း နတ်မောက်မြို့နယ်ရှိ ကျောက်တံခါးရေလှောင်တမံနှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်ရေ ရေလှောင်တမံတို့ကို ဆက်သွယ်တူးမြောင်းဖောက်လုပ်ဆက်သွယ်ကာ ကြက်မောက်တောင်ဆည်ရေဝင်သည့် ကျောက်ပုံချောင်းသို့ ရေချပေးနိုင်သဖြင့် ရေဝင်ပမာဏပိုမိုရရှိခဲ့ကြောင်း၊ ယနေ့အထိဧကပေ၁၀၀၀၀ကျော် စီးဝင်ခဲ့ပြီး ထပ်မံ၍ ဧကပေ ၁၀၀၀၀ ကျော် ပိုမိုလွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	အတီးပြိုင်ပွဲ
၁၆း၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၀၅	၆။	အကပဒေသာ
၁၇း၁၅	၇။	အရေးပြိုင်ပွဲ
၁၇း၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၂၅	၉။	မြန်မာစာ မြန်မာစကား
၁၇း၃၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၅၀	၁၁။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈း၀၀	၁၂။	ညနေခင်းသတင်း
၁၈း၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၄။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၅၇)
၁၈း၅၅	၁၅။	ခြံစည်းရိုးကြက်ဆူရိုင်း အကြောင်းသိကောင်းစရာဆွေးနွေးခန်း
၁၉း၁၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကားထစ်လေးများ"** (အပိုင်း-၃၂)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၃)

မြသိမ်းတန်ရုပ်ပွားတော်မြတ် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြသိမ်းတန် အောင်ဓမ္မာရုံကြီးတွင် ကိန်းဝပ်စံပျော် သီတင်းသုံးတော်မူသော ပြည်တော်ပြန်တန်ခိုးရှင် မြသိမ်းတန် ရုပ်ပွားတော်မြတ်ကြီး၏ (၃၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဇန်နဝါရီ၂၅ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓပူဇာအစီအစဉ်တွင် ဇန်နဝါရီ၂၅ရက်မှ ၂၇ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းတော်မြတ်ပူဇော်ပြီး ဓမ္မပူဇာအစီအစဉ်၌ ဇန်နဝါရီ၂၈ရက်တွင် အရှင်စရိယနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အောင်မင်္ဂလာကျားကျောင်း၊ ၂၉ရက်၌ ရွှေပြည်ဟိန်းကျောင်း အရှင်ခေမာသီရိလင်္ကာရ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ၊ ၃၀ရက်တွင် အရှင်သုစိတ္တ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်တိုင်း သံဃဝန်ဆောင်ဆရာတော်၊ ၃၁ရက်၌ အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် ဖေဖော်ဝါရီ၁ရက်တွင် အရှင်ဆေကိန္ဒ (ကထိက၊ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်) ဆရာတော်တို့က တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

ဖေဖော်ဝါရီ၅ရက် သံဃပူဇာ အစီအစဉ်တွင် သြဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး ရေစက်သွန်းချ ပူဇော်ကြမည်ဖြစ်သည်။

(၁၂၉)

ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၏ စတုတ္ထအကြိမ် သက်တော်ရှည်ဆရာတော်ကြီးများပူဇော်ပွဲအခမ်းအနားကို ထူးဆန်းပြည့်စုံမွှာရုံကြီး ချောင်းဝကျောင်း၌ကျင်းပရာ လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးငွေစန်းက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာမျက်နှာ ၁၀ မှ

တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန်၊ ဆုရပြီး ဝန်ထမ်းများကလည်း နောက်နှစ်များ၌ ဆက်လက်ရရှိအောင် ကြိုးစားပြီး ဆုမရသေးသော ဝန်ထမ်းများကလည်း ဆုရရှိအောင် လုပ်ငန်းတာဝန်ကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာနအတွက် သတ်မှတ်ထားသည့် ရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာရုံးချုပ်၊ ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်ရုံးများနှင့် ဝန်ထမ်း တစ်ဦးချင်းက အောင်မြင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ထူးချွန်ဆုများကို ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက စံပြခရိုင်ရုံး ပထမဆု ရသာယာဝတီခရိုင်ရုံးမှ ဦးစီးအရာရှိဦးမောင်မောင်အေး၊ စံပြမြို့နယ်ရုံး ပထမဆုရ မြန်အောင်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးထွန်းရှိန်နှင့် နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်တတိယဆင့်ရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ခိုင်တို့အားဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က သတင်းစာ၌ သတင်းအများဆုံးဖော်ပြနိုင်သည့် ပြည်နယ်၊ တိုင်းရုံးများကိုယ်စား ရန်ကုန်တိုင်းရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်အားလည်းကောင်း၊ Media လုပ်ငန်းများသွက်လက်ထက်မြက်စွာ အများဆုံးဆောင်ရွက်နိုင်သည့် ခရိုင်ရုံးများနှင့် မြို့နယ်ရုံးများကိုယ်စား မြန်အောင်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးထွန်းရှိန်အားလည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အများဆုံး ဖွင့်လှစ်နိုင်သည့် မြို့နယ်ရုံးများနှင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားဖမ်းစက်ရရှိရေး အများဆုံး စည်းရုံးဆောင်ရွက်နိုင်သည့် ဆုရမြို့နယ်ရုံးများကိုယ်စား လှည်းကူးမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အုန်းမြင့် အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ငွေစာရင်း လချုပ်များအချိန်မှန်မှန်ပေးပို့နိုင်သည့် ဆုရခရိုင်ရုံးများကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်)မှ ဦးစီးအရာရှိဦးမြသင်းနှင့် စာပေ၊ အားကစား၊ အာဆီယံဉာဏ်စမ်း ပဟေဠိပြိုင်ပွဲနှင့် သင်တန်းထူးချွန်ဆုရရှိသူများကိုယ်စား အုတ်ဖိုမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ညွှန့်ညွှန့်စိန်အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အဆင့်မြင့်ပညာထူးချွန်ဆုရ ဝန်ထမ်း သားသမီးများကိုယ်စား ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်း တက်ခွင့်ရ မဝင့်ချယ်ရီစိုးမော်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသောဝန်ထမ်း သားသမီးများကိုယ်စား လေးဘာသာ ဂုဏ်ထူးရှင် မောင်ထက်လှိုင်ဝင်းတို့အား ထူးချွန်ဆုများကို လည်းကောင်း၊ ဝန်ထမ်းများ၏ ဝတ်စုံအတွက်ထောက်ပံ့ငွေများကို ဝန်ထမ်းများကိုယ်စားဦးစီးအရာရှိ (ငွေစာရင်း) ဦးတင်ဝင်းအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား သာယာဝတီ ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်းတို့သည် တက်ရောက်လာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ပြန်ကြားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

လူထုဆက်သွယ်ရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်းလွှမ်းခြုံ ဖြစ်ထွန်း

တိုင်းရင်းသား ပြည်သူအားလုံး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး တစ်ခုလုံး ခေတ်မီဖွံ့ဖြိုးရေးတို့ကို ဝိုင်းဝန်းဖော်ဆောင်ရာတွင် တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေး၊ ဉာဏ်ပညာ ထူးချွန်ထက်မြက်ရေးနှင့် အသိအမြင်အယူအဆမှန်ကန်ရေးတို့သည် ပဓာနကျသော အခြေခံအကြောင်းတရားများပင်ဖြစ်သည်။

ပေါင်းကူးဝန်ဆောင်ပေးနေ

နိုင်ငံတော်နှင့်ပြည်သူများအကြား၊ နိုင်ငံတော်နှင့် နိုင်ငံတကာအကြား၊ အဖွဲ့အစည်းများအကြား၊ ကမ္ဘာ့ပြည်သူများအကြား ပေါင်းကူးဝန်ဆောင်ပေးနေသည့် ကဏ္ဍသည် ပြန်ကြားရေးကဏ္ဍပင် ဖြစ်ပေသည်။ နိုင်ငံတော်က ထုတ်ပြန်ပေးနေသည့် သတင်းပြန်ကြားချက်နှင့် သတင်းအချက်အလက်များ၊ ပြည်ထောင်စုတစ်ဝန်း ဖော်ဆောင်ပေးနေသည့်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းသတင်းများကို တိုင်းရင်းသားပြည်သူများ နေ့စဉ်မပြတ် ဖတ်ရှုကြည့်မြင် သုံးသပ်ဆင်ခြင်နိုင်ရန်အတွက် ပြန်ကြားရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ လျင်မြန်သွက်လက်ထက်မြက်နေသော မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ သတင်းနှင့် ပြန်ကြားရေးကဏ္ဍသည်လည်း အတူလိုက်ပါဖွံ့ဖြိုးတိုးတက်လာသည်။ နိုင်ငံတော်၏ နေ့စဉ်ဖြစ်ပေါ်တိုးတက်မှုများကို သတင်းစာမျက်နှာများတွင်သာမက အင်တာနက်ဝက်ဘ်ဆိုက်တွင်ပါ ကြည့်ရှုနိုင်ပေသည်။ ကြည်လင်ပြတ်သားသော အရုပ်အသံများကို မြန်မာနိုင်ငံမြောက်ဖျားဒေသရှိ နန်းယွန်း၊ ဒေါ့ဖုန်းယန်ဒေသများသာမက မြန်မာနိုင်ငံတောင်ပိုင်းရှိ ဟိုင်းကြီးကျွန်း၊ ကိုကိုးကျွန်းဒေသတို့တွင်ပါ ဖမ်းယူကြည့်ရှုနားဆောတ ဆင်နိုင်ပေသည်။

အသိအမြင်ဗဟုသုတတိုးပွား

ကျေးလက်ဒေသနှင့်နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ အသိအမြင် ဗဟုသုတ တိုးပွားစေရန်နှင့် လူထုဆက်သွယ်ရေး လုပ်ငန်းများမြင့်မား တိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ တစ်ဝန်းရှိ မြို့များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ၃၇၅ ရုံးအထိ တိုးချဲ့ ဖွင့်လှစ်ပြီး ရုပ်မြင်သံကြား၊ စာကြည့်တိုက်၊နံရံကပ်စာစောင်၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် နယ်လှည့် စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တပ်မတော်အစိုးရ လက်ထက်တွင် မီဒီယာလုပ်ငန်းများ ပိုမိုကျယ်ပြန့်မြင့်မားတိုးတက်လာစေရန် တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိရာ ဖြစ်ပေါ်လာသည့် လူထုဆက်သွယ်ရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

ကျေးလက်ဒေသနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသား ပြည်သူများ အသိအမြင် ဗဟုသုတ တိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်လျက်ရှိရာ တန့်ဆည်မြို့နယ် မြတ်ပန်းတိုင် ကျေးရွာစာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

တိုးတက်ဖြစ်ထွန်းလာသည့် လူထုဆက်သွယ်ရေးလုပ်ငန်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	မြန်မာ့အသံမှ နေ့စဉ်ထုတ်လွှင့်မှု(နာရီ)	၁၆း၅	၁၈း၄၅	၂း၄၀
၂	တည်ဆောက်ပြီးထပ်ဆင့်လွှင့်စက်ရုံ	၁၅	၁၉၇	၁၈၂
၃	မြန်မာ့ရုပ်မြင်သံကြားမှနေ့စဉ်ထုတ်လွှင့်မှု(နာရီ)	၅	၁၀	၅
၄	ဖမ်းယူကြည့်ရှုသည့် လူဦးရေ (သန်း)	၂၆ဒသမ၁	၄၇ဒသမ၇၇	၂၁ဒသမ၆၇
၅	MRTV Channel	၁	၄	၃
၆	ပြန်/ဆက်ရုံးနှင့်စာကြည့်တိုက်	၁၀၀	၃၇၅	၂၇၅
၇	ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ	-	၄၈၆၆၇	၄၈၆၆၇
၈	ကိုယ်ပွားသတင်းစာတိုက်များ	-	၉	၉

အမျိုးသမီးများအတွက်အင်္ဂလိပ်စကားပြောသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးများအတွက် အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူးဒေါ်မြမြ၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လေးမြင့်၊ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူးဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မင်းသက်မွန်က သင်တန်းဖြစ်မြောက်အောင် ကူညီပေးသူများအား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသူ ကိုယ်စားလှယ်များအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ပြီး သင်တန်းသူများက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ၁၄ရက်မှ စတင်၍ အင်းစိန်မြို့နယ် မြန်မာ့မီးရထား အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲတွင် ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်မှ ပြိုင်ပွဲဝင်အသင်းများပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စုပွဲစဉ်များ ဇန်နဝါရီ၂၆ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ၁၂ရက်တွင် မြန်မာ့မီးရထားအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် အောက်ပါလုပ်ငန်းသုံး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

(က) Radio & TV Transmitter Power Tube ၃ မျိုး
(ခ) Equipment for Globe Caster ၅ မျိုး
(ဂ) Spares for TASCAM BR-20 ၁၀ ခု

၂။ တင်ဒါပေးသွင်းမှုကို ၃-၂-၂၀၀၆ရက် ၁၆း၃၀နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ
ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန။
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

မင်္ဂလာဦးဆွမ်းကျွေး ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ ပြည်မြို့၊ အောင်ဆန်းပြည်သာယာနေ
ဦးအောင်ကို(ဥက္ကဋ္ဌ၊ ငြိမ်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့)-ဒေါ်ရင်ကြွေ(ခေတ္တရာမောင် ယာဉ်လိုင်း)
တို့၏သားကြီး

မောင်သင်းအောင်
B.Sc (Hons), M.Sc (Engg Maths),
M.Sc (Computer Science)
(လက်ထောက်ကထိက၊ ကွန်ပျူတာသိပ္ပံပညာဌာန၊ ရန်ကုန်တက္ကသိုလ်)
နှင့်
ပဲခူးတိုင်း၊ သဲကုန်းမြို့၊ (၁)ရပ်ကွက်၊ ရေကျော်လမ်းနေ
(ဦးချစ်မောင်-ဒေါ်လှတင်)တို့၏မြေး၊
ဦးစိုးထွန်း(အထပြ၊ ငြိမ်း)-ဒေါ်ခင်စောဝင်း(အထပြ၊ သဲကုန်း)
တို့၏သမီးလတ်

မကေသီထွန်း B.Sc (Phys), A.G.T.I(EC)
(လက်ထောက် လဝကမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်
အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ သဲကုန်းမြို့)

တို့၏ ၂၂-၁-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် သဲကုန်း ကန်လယ်မဟာစည်သာသနာ့ရိပ်သာ၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြသူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သင်းအောင်-မကေသီထွန်း။

တော်ဝင်နှစ်ပါးသွား ဗွီစီဒီဇာတ်ကားနှင့်ပတ်သက်၍
အထူးသတိပေးတားမြစ်ချက်

အဇ္ဈာအနုပညာလုပ်ငန်းမှဖြန့်ချိသော မန္တလေးသိန်းဇော် တော်ဝင်နှစ်ပါးသွား ဗွီစီဒီဇာတ်ကားအား တရားမဝင်ကူးယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်းများတွေ့ရှိပါက တည်ဆဲဗီဒီယိုအက်ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်စိုး (Advocate)
B.A, R.L,D.B.L, D.M.L,D.I.L, D.I.B.O(UK)
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၁၈၂)
အမှတ် ၁၅၃၊ ဒုတိယထပ်(ဝဲ)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၃၆၃၊ ၀၉၈၀၂၄၁၄၁။



သာယာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဇန်နဝါရီ၁ရက်က မြောက်ဥက္ကလာပမြို့နယ် မူလတန်းကြို ကျောင်း၏ ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲပြုလုပ်ရာ အပြေးပြိုင်ပွဲ ပထမဆုရ မောင်ဝေယံအေးမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဌေးက ဆုများချီးမြှင့်ပေးအပ်စဉ်။
(၃၆၃)

ဒေါက်တာဓမ္မသာမိ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ပါမောက္ခ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင် ဗုဒ္ဓဘာသာ သင်ကြားရေးဌာန အောက်စဖို့ဒ် တက္ကသိုလ် အင်္ဂလန်အောက်စဖို့ဒ် ဗုဒ္ဓဝိဟာရ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဒေါက်တာဓမ္မသာမိ (Ph.D Oxford) အစိုးရ ဓမ္မာစရိယ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ အရှင်သူမြတ်သည် ဇန်နဝါရီ ၂၆ ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် မင်္ဂလာဈေးဓမ္မာရုံ ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရွှေဘုန်းပွင့် စေတီလမ်းအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

လှည်းကူးမြို့နယ် ကံကော်ကျွန်း တောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာန ဘုရားများနှင့် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့် စေတီအရောက် အမာခံကျောက်ချောလမ်းဖောက်လုပ်ရန်အတွက် အလှူငွေများ ဆက်ကပ် လှူဒါန်းလျက်ရှိရာ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း မိသားစုက ငွေကျပ် ၁၀၀၀၀၊ မောင်ဇေမျိုးဦး အင်ဂျင်နီယာ ခေတ္တတောင်ကိုရီးယားနိုင်ငံကငွေကျပ် ၅၅၀၀၀၊ ဒေါ်ကြွယ်ကြွယ် ရန်ကုန်က ငွေကျပ် ၅၀၀၀၀၊ ဦးမြင့် ဒေါ်စန်းရီ၊ ညီမ မခင်လှတို့အားရည်စူး၍ မမြရီ လှည်းကူးက ငွေကျပ် ၁၀၀၀၀၊ ဦးမြင့်ဆွေ ဒေါ်မြကြည် လှည်းကူးက ငွေကျပ် ၁၀၀၀၀၊ ဒေါ်ခင်ကြည် အကယ်ဒမီအထည်ဆိုင် ဗိုလ်ချုပ်ဈေး ရန်ကုန်က ငွေကျပ် ၁၇၅၀၀ တို့ကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒ(ရဝေစိုး)အား ဆက်ကပ်လှူဒါန်းကြသည်။ အလှူရှင်များသည် ဖုန်း-၆၂၈၀၄၇၊ ၀၉-၅၀၀ ၁၀၈၀၊ ၀၉-၅၁၃၇၁၇၆၊ ၆၂၉၄၈၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့ မြောက်ဥက္ကလာပ ပုပ္ပား(၃)ကျောင်း မိုးကုတ်အဖွဲ့ချုပ် နယ်လှည့် ဓမ္မကထိက အစိုးရဓမ္မာစရိယ ရွေးဆရာတော် အရှင်နန္ဒသီရိသည် ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၂ရက်မှ ၆ရက်အထိ စမ်းချောင်းရွာ သာရဝေါ၊ တပို့တွဲလဆန်း ၉ရက်မှ ၁၅ရက်အထိ ဝက်ဖြူကုန်းရွာ တောင်ငူမြို့၊ တပေါင်းလဆန်း ၁ရက်မှ ၇ရက်အထိ စကားလွန်းရွာ ဘိုကလေးမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ခေတ္တရာအသင်းနှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ခေတ္တရာအသင်း ရန်ကုန်မြို့(ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတို့ကို ဇန်နဝါရီ ၂၉ရက်(တနင်္ဂနွေနေ့)နံနက်စနာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် ခေတ္တရာခြောက်မြို့နယ် မိသားစုများအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသက်(၇၅)နှစ်ပြည့်ပြီးသော သက်ကြီးအသင်းဝင်များ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်ရအသင်းဝင်များ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းနှင့်တက္ကသိုလ်အတန်းစုံတွင် ဂုဏ်ထူးရရှိသော အသင်းဝင်မိသားစုများ၏အမည်စာရင်းကို အသင်းအမှုဆောင်များထံ ပေးပို့ကြရန်နှင့် ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း-၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း-၇၀၉၀၄၅၊ ဦးဖေကြည် ဖုန်း- ၂၈၁၃၅၇နှင့် ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း-၅၂၆၃၄၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၁၇၂၁ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(တာချီလိတ်)။

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး အဖွဲ့ခွဲအလိုက် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်း

တောင်ကြီး ဇန်နဝါရီ ၃

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၂၇ရက် နံနက်ရနာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက အမှာစကားပြောကြားပြီး လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက မိမိတို့ဆောင်ရွက်နေမှုအခြေအနေနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ လုပ်ငန်းအဖွဲ့ခွဲများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက လုပ်ငန်းအဖွဲ့ခွဲအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နာယကနှင့်အဖွဲ့သည် တောင်ကြီးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ၂၀၀၅ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုရအသင်းများမှ သရုပ်ပြကစားမှုကို ကြည့်ရှုအားပေးပြီး ဆုရအသင်းများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

(အမျိုးသမီးရေးရာ)

အုတ်ခုံခံတံတား

ဘီး လင်း မြို့ ရန် အောင် လမ်း အုတ်ခုံခံ သစ်သား တံတား တည်ဆောက် ပြီးစီးမှုကို မွန်ပြည်နယ် စည်ပင် သာယာရေး အဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်း စစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၆ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်သူတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး စာအုပ်နှင့်ငွေများ ပေးအပ်လှူဒါန်းပွဲ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၁

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ (၄/၂၀၀၅)ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ရက်က ဂန့်ဂေါမြို့နယ် လက်ပန်ရွာ လူရည်ချွန်စာကြည့်တိုက်၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိက လက်ပန်ရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာ စာကြည့်တိုက် ၁၃တိုက်သို့ စာအုပ်များကိုလည်းကောင်း **(အောက်ပုံ)**၊ လက်ပန်ကျေးရွာ ဥက္ကဋ္ဌ ဦးညိုဖေက လူရည်ချွန်စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သောင်းကိုလည်းကောင်း၊ လက်ပန်ကျေးရွာနေ ဦးသိန်းရက စာအုပ်မျိုးစုံ အုပ် ၁၀၀ကိုလည်းကောင်း၊ ကျန်းမာရေးဆရာမ ဒေါ်မြင့်စန်းက စာအုပ်မျိုးစုံ ၁၃အုပ်ကိုလည်းကောင်းပေးအပ်ရာ လူရည်ချွန်စာကြည့်တိုက် ကော်မတီဝင် ဦးလှဝင်းနှင့် ဦးဝင်းဖေတို့က လက်ခံရယူကြသည်။ **(၂၇၃)**

မောက်မယ်မြို့နယ်၌ ခြစည်းရိုးကြက်ဆူစိုက်ခင်းစံကွက် ၁၀ဧက စုပေါင်းစိုက်ပျိုး ရေအားသုံးကြိတ်ဆုံဖြင့် ထုတ်လုပ်သောဇီဝဒီဇယ်ဖြင့် စက်များစမ်းသပ်မောင်းနှင်ပြ

မောက်မယ် ဇန်နဝါရီ ၁၄

မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု တီတခေါ်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ခြစည်းရိုးကြက်ဆူမှ ဇီဝဒီဇယ်ဆီ ကြိတ်ခွဲထုတ်လုပ် စမ်းသပ်မောင်းနှင်ခြင်း သရုပ်ပြပွဲနှင့် ခြစည်းရိုးကြက်ဆူစိုက်ခင်း စံကွက် ၁၀ဧက စုပေါင်းစိုက်ပျိုးပွဲကို ဇန်နဝါရီ ၆ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးတို့က ခြစည်းရိုးကြက်ဆူစိုက်ပျိုးရေးစီမံချက်နှင့် ကြက်ဆူအကြောင်း သိကောင်းစရာများ၊ စိုက်ပျိုးရေးနည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူးက ပအိုဝ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခြစည်းရိုးကြက်ဆူကို သဘာဝရေအားသုံးကြိတ်ဆုံဖြင့် ကြိတ်ခွဲထုတ်လုပ်သော ဇီဝဒီဇယ်ဆီကို ထော်လာဂျီအားလည်းကောင်း၊ မီးစက်အားလည်းကောင်း စမ်းသပ်မောင်းနှင်သရုပ်ပြပြီး ကြက်ဆူကိုင်းပေါင်း ၁၂၀၀၀၀ဝင်ဆံ့သည့် စံပြစိုက်ခင်း ၁၀ဧကကို ကိုင်းထိုးစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးပွဲတော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၄-၁-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကျိုင်းတုံမြို့နယ်၏ မွေးမြူရေးကဏ္ဍအကြောင်း)
၁၁း၃၀ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက် (နိုးကြားခြင်းနှင့် အမျိုးသားရေးအမြင်) (ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (အကျိုးကျေးဇူးများလှသော ရင့်ကျက်ခြင်းလက္ခဏာ) (ရဲဘော်စိုးလွင်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ချစ်တဲ့သူအလိုကျ)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လှပဝေဆာ ပြည်မြန်မာ မွေးကြိုင်ရနံ့သင်းပျံ့ပျံ့-မေ)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း-မြန်မာစာ)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ နေ့စဉ်သုံးအီဒီယမ်(ဦးသိန်းလွင်)
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ဘာကြောင့်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း ပြုလုပ်ကြပါသလဲ)
၁၈း၂၀ ကျေးလက်ဇာတ်လမ်း (ဘက်စုံအကျိုးရစေဖို့)
၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်-ဟင်းနုနယ်ပင်)
၂၀း၃၀ ကလေးများ၏ပုံပြောပြိုင်ပွဲ အစီအစဉ်(စံပြလုလင်ပုံပြင်)

သရုပ်ပြလေ့ကျင့်

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် အခြားဈေးလေးဈေးတို့တွင် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် ဇန်နဝါရီ၇ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုး ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ၊ ဈေးမိ ဈေးဖများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကွင်းဆင်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ဟာဒယလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေဖြိုးခိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကန်ကြီးထောင့်၌ စာပေဟောပြော

ကန်ကြီးထောင့် ဇန်နဝါရီ ၇

ကန်ကြီးထောင့်မြို့ အမှတ် ၁ ရပ်ကွက် ပန်းပျိုးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကော်မတီက ကြီးမှူး၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် ည ၇နာရီက မဟာသိရိ မင်္ဂလာရာမကျောင်းတိုက်ဝင်းရှိ ဘာသန္တရပါဠိတက္ကသိုလ်ခန်းမဆောင်တွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် ပြည်သူများ တက်ရောက်ကြပြီး စာရေးဆရာ မင်းယုဝေ၊ သန်းထွဋ်(ပညာရေး)နှင့် ခင်ဇ(စက်မှု)တို့က စာပေရေးရာများ ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အာစရိယပူဇော်ပွဲ မကွေးမြို့၌ကျင်းပ

မကွေး ဇန်နဝါရီ ၁၆

(၁၂)ကြိမ်မြောက် ဘိုးရတနာ ကုမ္ပဏီ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မကွေးမြို့ အောင်မေတ္တာ ရပ်ကွက် ဘိုးရတနာသောက်ရေသန့် စက်ရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ အသက် ၆၀ ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဘိုးရတနာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမြင့်လှက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အငြိမ်းစားဆရာ ဆရာမကြီး ၃၃ ဦးအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဂါရဝပြု ပေးအပ်ကြပြီး ရွှေဒဂုံးနှစ်ပြား ကံစမ်းမဲဖောက်ပေးကြောင်းသိရသည်။ **(၃၈၃)**

တောင်ကုတ်မြို့၌ မြို့ဝင်ဆိုင်းဘုတ်ဆောက်

တောင်ကုတ် ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းသည် ဒီဇင်ဘာ ၁၉ ရက်က တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိသော မြို့ဝင်ဆိုင်းဘုတ်တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးက ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ခိုင်ခိုင်ကျော်
ထမင်း ဟင်း ချိုင့်ဆွဲပို့ဆောင်ရေး

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဧရာဝတီတိုင်း၊ မအူပင်မြို့၊ ဘောလုံးကွင်းရပ်၊ စိန်ဟသာ်ာပရိယတ္တိစာသင်တိုက် ကျောင်းများ၏တစ်ဦးတည်း ဒါယကာကြီး **ဆရာဦးသန်းထွန်း (ကုံကော်ရွှေပြည်)** B.A, H.G.P, R.L, D.M.A, ADVOCATE အား နိုင်ငံတော်မှ ပထမဆင့် **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့ ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ သာသနာနှင့် စာပေ အကျိုးကိုဆက်လက်ထမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

စိန်ဟသာ်ာပရိယတ္တိစာသင်တိုက်အကျိုးဆောင်အဖွဲ့၊ မအူပင်မြို့။

ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် တင်ထွန်းမောင်ဝေါင်းနှင့် မအေးအေးစိုး(ခ)မီးမီးတို့သည် ၂၆-၄-၂၀၀၅ ရက်တွင် တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တင်ထွန်းမောင်ဝေါင်း။

သက်ဆိုင်သူများ သိစေအပ်ပါသည်

လွန်ခဲ့သော ၂၃-၇-၁၉၉၈ ရက်က ကွယ်လွန်သွားသည့် ဦးကုလား(ခ) ဦးတင်ညွန့် နိုင်ငံသားအမှတ် ၁၂/ဥကမ(နိုင်)၀၆၄၁၄၂၏ဇနီး ကျန်ရစ်သူ ဒေါ်တင်မြ အဖ ဦးဘကွန်း မှတ်ပုံတင်အမှတ် ISN-၁၅၉၃၇၈၏ ညွှန်ကြားချက်အရ သက်ဆိုင် သူများ သိစေအပ်ပါသည်။

ကွယ်လွန်သူ ဦးကုလား(ခ) ဦးတင်ညွန့်တွင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ် ကျန်ရစ်ပါသည်ဟု အဆိုပြုတောင်းဆိုလိုသူများရှိပါက ဤကြော်ငြာစာ ပါရှိသည့်နေ့ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ တရားရုံးတော်မှ တရားဥပဒေနှင့်အညီ အရေးဆိုခြင်းကို ဖြေရှင်းရန်အသင့်ရှိကြောင်း သက်ဆိုင်သူများ သိစေအပ်ပါသည်။

ဥပဒေအရ ဒေါ်တင်မြ ရပိုင်ခွင့်ရှိသော ပစ္စည်းအရပ်ရပ်ကို သက်ဆိုင်သူ ဒေါ်တင်မြ အနေဖြင့် ဖြစ်စေ၊ ဥပဒေအရ ကိုယ်စားလှယ်လွှဲအပ်ခံရသူကဖြစ်စေ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းစသည့် အခွင့်အရေးကို နှောင့်ယှက်ဟန့်တားမှုတစ်စုံတစ်ရာ ပြုသူများရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ချက်အရ
ဦးအောင်ကြည် (စဉ်-၁၈၈၈)
၇၄၊ သပြေလမ်း၊ ၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

အငြိမ်းမအကြိမ် မြတ်ဆရာပူဇော်ပွဲ

မန္တလေးမြို့ အမှတ်(၁၆)အထကတွင် ၁၉၆၂ မှ ၂၀၀၅ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသားဟောင်းများ၏ အငြိမ်းမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၉-၁-၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန်နှင့် အထက(၁၆)တွင် လုပ်သက် (၅)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျောင်းသားဟောင်းများ အောက်ပါအမှုဆောင် များထံတွင် ငွေနှင့် ကန်တော့ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

(ဖုန်းဆက်လျှင် လာရောက် ကောက်ခံ ပေးပါမည်။)

ဒေါ်ထွေးထွေးသန်း(ကျောင်းအုပ်ကြီး အထက-၁၆) ဖုန်း-၀၂-၃၂၂၈၈
ဒေါ်မြတ်သူဇာ ၃၂ x ၃၃-ကြား၊ ၇၄x၇၅-ကြား၊ ဖုန်း-၀၂-၃၂၈၈၀
ဒေါ်သန်းသန်းဦး၊ ၃၅ x ၃၆-ကြား၊ လမ်း-၈၀၊ (မြတ်လေးသစ္စာ)
ဦးရဲလင်းမြင့်၊ ကျောင်းအုပ် (မင်းစုကျောက်ဆည်)
ဦးအောင်ပန်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၉-၂၁၉၈၄
ဦးသိန်းထွန်းဇော်(မန်းစည်ပင်) ဖုန်း-၀၉-၂၀-၀၃၂၃၄
ဦးမောင်ရွှေ၊ လမ်း-၃၀၊ ၇၂ x ၇၃-ကြား၊စိန်မောင်စတိုး။
ဖုန်း-၀၉-၉၀-၆၁၀၀၇၊ ၀၂-၆၀၄၅၇
ဦးသီဟဦး၊ ၇၆-လမ်း၊ ၃၅x၃၆-ကြား၊ ဖုန်း-၀၂-၂၈၀၁၃
ဦးထွန်းလွင်ဦး၊ ၂၆-လမ်း၊ ၈၀ x ၈၁-ကြား၊
(ထွန်းသင်းဘုရားသား)၊ ဖုန်း-၀၂-၆၄၇၈၆
ဦးတင်မျိုးညွန့်၊ ဈေးချိုမြောက်တိုက်တန်း၊ နီလာ တီဗွီ၊ကက်ဆက်ရောင်းဝယ်ရေး။ ဖုန်း-၀၉-၅၁၂၆၁၉၈
ဦးအေးချမ်းသူ၊ နန်းတော်ရှေ့၊ ဖုန်း-၀၉-၂၀-၀၁၇၄၆
ဦးခင်မောင်ဖုန်း၊ မင်္ဂလာစတိုး၊ လမ်း ၃၀၊ ဖုန်း-၀၂-၆၀၇၄၉
ဦးရဲဝင်းဟန်၊ ၇၁x၇၂၊ ၃၀ x ၃၁လမ်းကြား၊ ဖုန်း-၀၉-၉၀ ၅၀၉၁၂

အထက(၁၆)ကျောင်းသားဟောင်း ဆရာ၊ ဆရာမများ

ဦးတင်သိန်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်နီလာ၊ ဒေါ်ထားထား၊ ဒေါ်ဝင်းမိမိ၊ ဒေါ်သိင်္ဂီအုန်း၊ ဒေါ်မူမူအောင်၊ ဒေါ်မြင့်မြင့်၊ဒေါ်ညွန့်ညွန့်အေး၊ ဒေါ်မိုးသီတာ၊ ဒေါ်စန်းစန်းရီ၊ ဒေါ်သစ်သစ်မေ၊ ဒေါ်ဥမ္မာစိန်၊ ဒေါ်မြမြမူ၊ ဒေါ်ရီရီမြင့်ဆွေ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်နီလာဦး။

ဝမ်းမြောက်စွာ ဂုဏ်ယူပါကြောင်းနှင့် မွေးနေ့ဆုတောင်း

၄-၁-၂၀၀၆ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၆)ဖြင့် **စိမ်ထူးချွန်(တတိယဆင့်)** ဂုဏ်ထူးဆောင်တံဆိပ် အပ်နှင်းခြင်းခံရသော **ဗိုလ်ကြီးအေးလွင်** (ဥက္ကဋ္ဌ၊ နန်းယွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း)အား လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူပါကြောင်းနှင့် ၂၃-၁-၂၀၀၆ ရက်တွင်ကျရောက်သော မွေးနေ့မှ အသက်ရာကျော်ရှည်၍ တိုင်းပြည်တာဝန်များကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

အစ်ကိုနှင့် အစ်မ - ဦးအုန်းမြင့် (Petro Jaya Marine Shipping Co., Ltd, Singapore)
- ဒေါ်ခင်အေးမြင့်
အမှတ်(၄)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်
တူလေးများ - မောင်ရဲမြင့်အောင်
Grade 6 (B) အထက(၅) ဗိုလ်တထောင်
- မောင်ရဲပိုင်အောင်။

Amazon
(Until February)
Lucky Fish 15000 K > 9500 K
Siamese Tiger 5000 K > 2500 K
special discount
Lucky & Tiger
ဖုန်း-၂၂၇၂၀၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်မြင့်ဌေး ၁၂/သဃက (နိုင်) ၀၂၄၀၆၅သည် မိခင်အိုကြီးနှင့် ညီအစ်ကိုမောင်နှမများအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့်ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝ(လုံးဝ) သက်ဆိုင်ခြင်း၊ တာဝန်ယူခြင်း မရှိပါကြောင်း။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်မြင့်
၁၂/သဃက(နိုင်)၀၂၃၉၇၂
အမှတ်-၄၆၊ သုမနလမ်း၊ ၁၆/၃ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ဘူတာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၉ရက်က အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃) ဒေါ်ဥမ္မာစောတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပုသိမ်တုကျွန်းဇမ္ဗူအောင်ဇောဓိ စေတီတော် ပဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ပုသိမ် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်း ပုသိမ်မြို့ တန်တစ်ရာဆန်စက်တစ်ဖက်ကမ်းရှိ ဘုရားချောင်းကျေးရွာတွင် တည်ထားကိုးကွယ်ထားသော တုကျွန်းဇမ္ဗူအောင်ဇောဓိစေတီတော် ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို လာမည့်တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ၁၂ရက်) တနင်္ဂနွေနေ့တွင် မြတ်စွာဘုရားအား အနေကဇာတင်၍ တန်ဆောင်းကြီးအား ရေစက်ချလှူဒါန်းပြီး သံဃာတော်၂၇ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။ ကြွရောက်လာသည့် ဧည့်ပရိသတ်တို့အား ထမနဲဖြင့် ဧည့်ခံကျွေးမွေး၍ ဖိုးသဲ ဇာတ်သဘင်ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း ဘုရားဒါယကာ ဦးတင်မောင် (စာရေးဆရာကရမက်)နှင့် ဂေါပကအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ သား ရဲမင်းထွဋ်မိသားစုက ဆေးပဒေသာပင် ငွေကျပ် ကိုးသောင်းကိုးထောင်ကိုးရာကိုးဆယ့်ကိုးကျပ်ကို ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းထိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ညောင်လေးပင်မြို့နယ် စာကြည့်တိုက်ပညာ အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ကြာပန်းကျေးရွာအုပ်စု ဇလုပ်ကုန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရဲဝင်းက ဆွေးနွေးစဉ်။ (မြို့နယ်ပြန်/ဆက်)

သံတွဲမြို့ ပြည်သူ့ဆေးရုံဝင်း၌ သန့်ရှင်းရေးဆောင်ရွက်

သံတွဲ ဇန်နဝါရီ ၆

သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ လူထုလုပ်ရှားမှု သန့်ရှင်းရေး လုပ်ငန်းကို ဒီဇင်ဘာ ၃၁ရက် နံနက် ၇နာရီက သံတွဲမြို့ ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပသည်။

သန့်ရှင်းရေးဆောင်ရွက်

အဆိုပါလုပ်ငန်းခွင်သို့ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ သံတွဲခရိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ် အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့် ပြည်သူများတက်ရောက်၍ သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သမထဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က ကျောက်တံတားမြို့နယ် ၃၈လမ်း(အလယ်လမ်း) မင်္ဂလာဓမ္မာရုံတွင် ဇန်နဝါရီ ၂၃ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း လှိုင်မြို့နယ် ယောဂီကျောင်းလမ်းအမှတ် ၁၁၅ (က) နေ သမိုင်း ပညာရှင် ပါမောက္ခ ဒေါက်တာ သန်းထွန်း အား ရည်စူး၍ ဇနီး ဒေါ်ခင်ရီ သားသမီး၊ မြေးများက ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်နှင့် အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်း တစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တပ်မတော်အစိုးရလက်ထက် ရန်ကုန်တိုင်းအတွင်း ပေ၁၈၀ အထက် ၂၅ စင်းမြောက် ရခိုင်ချောင်တံတားဖွင့်လှစ်

ဒလ-သခွတ်-လက်ခုပ်ကုန်းနှင့်ဒလ-ကံဘဲ့-ကျောက်မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းများကိုဆက်သွယ်နိုင်ပြီ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ပြီး ကုန်စည်စီးဆင်းမှုလျင်မြန်လာမည်

ရန်ကုန် ဇန်နဝါရီ ၂၂

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရခိုင်ချောင်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တွံတေးမြို့နယ် ရခိုင်ချောင်ကျေးရွာအနီးရှိ အဆိုပါတံတား၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻



ရခိုင်ချောင်တံတား

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရခိုင်ချောင်တံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

ဒေသခံတောင်သူလယ်သမားများ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်မားတိုးတက်လာရန်

နိုင်ငံတော်ကတည်ဆောက်ပေးသည့် ၁၈၂ ခုမြောက် ယာကြီးရေထိန်းတမံဖွင့်လှစ်

ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၄၄၀၀ ရှိပြီး ၈၅၃ ဧကကို ဆည်ရေပေးနိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တည်ဆောက်ခဲ့သည့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်း ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံ ဆက်သွယ်ရေးတူးမြောင်းလုပ်ငန်း၏ ရေထိန်းတမံငါးခုမှ အဓိကတမံဖြစ်သည့် ယာကြီးရေထိန်းတမံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါရေထိန်းတမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရေထိန်းတမံဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ညောင်ဦးခရိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ယာကြီး ရေထိန်း တမံ

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ယာကြီး ရေထိန်းတမံကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

❐ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရာမှာ သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးက အဓိကကျသလို အဲဒီပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေ အဆင်ပြေချောမွေ့စေဖို့အတွက် လမ်း၊ တံတားနဲ့ အဆောက်အအုံ တည်ဆောက်ရေး၊ ဆက်သွယ်ရေးအတွက် အခြေခံများ တည်ထောင်ရေးတို့ကလည်း ပဓာနကျတယ်။

❐ နိုင်ငံတော်က စီးပွားရေးကုန်သွယ်မှုကို အထောက်အကူပြုမယ့် လမ်း၊ တံတားတွေကို တစ်နိုင်ငံလုံး ကွန်ရက်ယှက်နွယ်ပြီး တည်ဆောက်ပေးနေသလို တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုများပြားလာပြီး ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာလာအောင် ပြည်ထောင်စုလမ်းမကြီးတွေ၊ ချစ်ကြည်ရေးတံတားကြီးတွေကိုပါ စုစည်းဆက်စပ်ပြီး တည်ဆောက်ဖော်ဆောင်ပေးနေတာ တွေ့ရပါတယ်။

❐ နယ်ချဲ့ခေတ်တုန်းကဆိုရင် လမ်း၊ တံတားတွေကို သူတို့ရဲ့ အုပ်ချုပ်ရေးနဲ့ စီးပွားရေး လွယ်ကူအဆင်ပြေစေဖို့လောက်သာရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့တာ ဖြစ်တယ်ကွယ့်။ မိုင်တစ်ထောင်ကျော် ရှည်လျားစွာစီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးမှာ စစ်ကိုင်းတံတားတစ်စင်းပဲ တည်ဆောက်ပေးထားခဲ့တာကိုကြည့်ရင် နယ်ချဲ့ရဲ့ ရည်ရွယ်ချက်ကို အလွယ်တကူ သိနိုင်ပါတယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁၀)ဆောင်းပါး(စာ ၈ နှင့် ၉)